
# ဝိညာဉ်များနှင့်ကစားခြင်း



မျိုးဟိန်း

ချောက်ချောက်ချားချား ဝိညာဉ် သရဲဝတ္ထု

# ပုံနှိပ်မှတ်တမ်း

၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ၊ ပထမအကြိမ်
အုပ်ရေ (၅၀၀)၊ တန်ဖိုး-(      )ကျပ်

**စီစဉ်သူ** - ဦးခင်သောင်း
**မျက်နှာဖုံး** - ကိုမျိုးဟိန်းထွဋ်
**ကွန်ပျူတာစာစီ** - ခင်ပြုံးဝင်း
**ထုတ်ဝေသူ** - ဒေါ်သင်းသင်းမွန်
သင်းစာပေ မြ (၀၄၂၃၂)
အမှတ်(၁၀)၊ ရတနာမြိုင်လမ်း
လှည်းတန်း၊ ရန်ကုန်။
**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ** - ကိုခင်သောင်း၊ မြ (၁၀၄၀၃)
'ဟိန်းဇော်ထက်ထွန်းပုံနှိပ်တိုက်'
အမှတ်(၉)၊ ရန်ပြေ ၂၂ လမ်း၊
၃ ရပ်ကွက်၊ သာကေတမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း-၀၉ ၇၃၀ ၃၇၀၀၂
**ဖြန့်ချိရေး** - ဟိန်းဇော်ထက်ထွန်းစာပေ
အမှတ်(၉)၊ ရန်ပြေ ၂၂ လမ်း၊
၃ ရပ်ကွက်၊ သာကေတမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း-၀၉ ၇၃၀ ၃၇၀၀၂

**ထုတ်ဝေသည့်စာအုပ်၊ ကတ်တလောက်အညွှန်း (CIP)**

မျိုးဟိန်း
ဝိညာဉ်များနှင့်ကစားခြင်း/မျိုးဟိန်း
သင်းစာပေ၊ ၂၀၁၄၊ ရန်ကုန်။
၁၂၈- စာ၊ ၁၂ × ၁၈ စင်တီ။
(၁)ဝိညာဉ်များနှင့်ကစားခြင်း

# ဝိညာဉ်များ
# နှင့်
# ကစားခြင်း

ချောက်ချောက်ချားချား ဝိညာဉ်/သရဲဝတ္ထု

မျိုးဟိန်း

# မာတိကာ


၁။ ဝိညာဉ်များနှင့်ကစားခြင်း

၂။ ဝိညာဉ်နှင့်ခန္ဓာကိုယ်

၃။ ဝိညာဉ်အော်သံလား

၄။ ဝိညာဉ်ချစ်သူ ကလဲစား

၅။ မြွေသရဲမအငြိုး

# ဝိညာဉ်များနှင့် ကစားခြင်း

ဘက်ဒါလီ ပန်းခြံလမ်း အမှတ် ၁၇ တွင် လွန်ခဲ့သည့် ဧပြီလ ၁၄ ရက်နေ့၌ ဖြစ်ခဲ့သည့် သည်းထိတ်ရင်တုန်အဖြစ် အပျက်ကို ကျွန်ုပ်တို့ငါးဦးစလုံး ဘဝတစ်သက်တာတွင် မမေ့နိုင်ပေ။ ထိုဖြစ်ရပ်ကို အပိုမပါဘဲ အရှိအတိုင်း တင်ပြသွားမည်ဖြစ်၏။ ပုံနှိပ်ထုတ်ဝေရန်အတွက်မူ ကျွန်ုပ်၏ရေးသားချက်တို့ကို ရွှန်မှိုင် ယာဟာဗေးဒီကွန်နှင့် မစ္စစ်ဒီလာမဲဟ်တို့ထံ တင်ပြ၍ ခွင့်ပြုချက် ယူရမည်ဖြစ်သည်။ ပေါလ်လီဒတ်၏ ခွင့်ပြုချက်ကိုမူ ကျွန်ုပ်မရယူနိုင်ပေ။ အကြောင်းမှာ ပေါလ်လီဒတ်သည် အင်္ဂလန်မှ ထွက်ခွာသွားပြီး၍ ဖြစ်သည်။

ဝိညာဉ်လောကနှင့် ဆက်သွယ်ခြင်းပညာရပ်ကို ကျွန်ုပ်တို့အား မိတ်ဆက်ပေးသူမှာ ရွှန်မှိုင်ယာဖြစ်သည်။ ဝိညာဉ်လောကနှင့် ဆက်သွယ်ရာတွင် ကျွန်ုပ်တို့အသုံးပြုသော နတ်ဝင်သည် (ခေတ်စီးခံပုဂ္ဂိုလ်) မစ္စစ်ဒီလာမဲလ်သည် ရွှန်မှိုင်ယာ

၏ ညီမရင်းဖြစ်သည်။ ကြေးစားနတ်ဝင် သည်များကို အသုံးမပြု။ အကြောင်းကား ယင်းတို့၏ လိမ်ညာခြင်းကို ခံရမည် စိုး၍ဖြစ်၏။ တနင်္ဂနွေနေ့ ညနေခင်းတိုင်းတွင် ကျွန်ုပ်တို့သည် ဘက်ဒါလီ ပန်းခြံလမ်းရှိ ဟာဗေးဒီကွန်၏ ပန်းချီစတူဒီယိုတွင် ဆုံ၍ ဝိညာဉ်လောကနှင့် ဆက်သွယ်ရန် ကြိုးစားကြသည်။ ဟာဗေးဒီ ကွန်သည် စကော့လူမျိုး ထင်ရှားသည့် ပါမောက္ခ တစ်ဦး၏ အဆက်အနွယ်ဝီဝီ အရာရာကို အရှိအတိုင်းသာ လက်ခံ တတ်သူဖြစ်သည်။ အချက်အလက် မပြည့်စုံဘဲ ထင်မြင် ယူဆ ချက်တစ်ရပ်ကို ကြိုတင်ထုတ်ဖော် ခြင်းပြုလေ့ရှိသူ မဟုတ်ပေ။ ကျွန်ုပ်ကိုယ်တိုင်ကမူ ထိုပညာရပ်ကို စိတ်ဝင်စားခြင်း မရှိလှ။ သိပ္ပံနည်းကျ ဝေဖန်စူးစမ်း သူလည်းမဟုတ်။ သို့သော် အသစ်အ ဆန်းတွင် ဝါသနာပါသူဖြစ်၏။ ထိုပညာရပ်ကို လိုက်စား သူတို့နှင့် ပေါင်းဖော်မွေ့လျော်လို သူဖြစ်၏။ မီးမှောင်ချ ထား၍ တိတ်ဆိတ် ငြိမ်သက်သော နတ်ဝင်သည်တို့၏ ဓာတ်ခန်း ကို ကျွန်ုပ်နှစ် သက်မိသည်။ တစ်နည်းဆိုသော် ထိုပညာရပ်ကို လိုက်စား ခြင်းသည် ကျွန်ုပ်ကိုပျော်ရွှင်စေသည်။ သို့အတွက် ထိုလူစုနှင့် ပေါင်းမိခြင်းဖြစ်၏။

ဧပြီလ ၁၄ ရက်နေ့က ဟာဗေးဒီကွန်၏ စတူဒီယိုသို့

ကျွန်ုပ်ရောက်လာချိန်တွင် မစ္စစ်ဒီလာမဲလ်ရောက်နှင့်နေပြီ။ ဟာဗေးဒီကွန်၊ သူ၏ဇနီးနှင့် မစ္စစ်ဒီလာမဲလ် သုံးဦးသားသည် မပြီးသေးသော ပန်းချီကားတစ်ချပ်ရှေ့တွင် ရပ်နေကြ၏။ ကျွန်ုပ်သည် ဟာဗေးဒီကွန်ရေးဆွဲသော ပန်းချီကားများကို နားလည်ခံစားနိုင်သူမဟုတ်။ သို့သော် ယခုဆွဲလက်စ ကားချပ်ကိုမူ သဘောကျနေမိ၏။ တောင်ပံပါသော နတ် သမီးများ၊ ပုံပြင်ထဲမှ ထူးဆန်းသော တိရစ္ဆာန်များ၏ပုံများ ဆွဲထား၍ ဖြစ်သည်။ အချို့သော တိရစ္ဆာန်များကို ကျွန်ုပ်မသိပေ။

ဟာဗေးဒီကွန်က . . . .

"ဘယ်လိုထင်သလဲ . . . မက်ဟာမ်" ဟု မေး၏။

"နားမလည်ဘူးဗျာ။ ဒီကောင်တွေက ဘာကောင်တွေလဲဗျ"

"ပုံပြင်ထဲပါတဲ့ ထူးဆန်းတဲ့သတ္တဝါတွေလေ . . ."

"ဒီမြင်းဖြူကြီးက ရှေ့ဆုံးကပါလား"

"ဒါ. . . မြင်းဖြူမဟုတ်ဘူး" ဟု ဒီကွန်က ခပ်ဆတ်ဆတ်ပြောရာ ကျွန်ုပ်ဖုံအားသင့်မိသည်။ သာမန်အားဖြင့် ဒီကွန်သည် သဘောကောင်းလှသူ မဟုတ်လား။

"ဒါဆိုရင် ဘာလဲဗျ"

"နတ်ဖူးပေါ်က ဦးချိုတို့ မတွေ့ဘူးလား။ ဒီအကောင်က

ယူနီကောင်း လေ၊ မသိဘူးလား. . ."

(*unicorn ဆိုသည်မှာ အင်္ဂလိပ်တို့၏ ရိုးရာပုံပြင်များတွင် ပါဝင်လေ့ရှိသည့် ဦးချိုပါသောမြင်း)

"ဝမ်းနည်းပါတယ်ဗျာ. . ." ဟု ကျွန်ုပ်တောင်းပန်လိုက်ရ၏။

ဒီကွန်ကို ကြည့်ရသည်မှာ စိတ်အနှောင့်အယှက်ဖြစ်နေပုံရ၍ ဖြစ်သည်။

ဒီကွန်က သူ့ကိုယ်သူ သတိထားမိသွားဟန် တူ၏။ ခြောက်ကပ်စွာ ရယ်သည်။

"ခွင့်လွှတ်ပါ မက်ဟမ်ရေ. . .။ ကျွန်တော် နည်းနည်း စိတ်တိုသွားမိလို့ပါ။ ဒီယူနီကောင်းပုံကို တစ်နေ့လုံး အပင်ပန်းခံပြီး ရေးဆွဲခဲ့ရတာ ယူနီကောင်းတစ်ကောင်သာ အသင်ရှင်ပျက် ရှိနေရင် ဘယ်လိုများနေမလဲလို့ တစ်နေကုန် စိတ်ကူးလိုက်ရတာ။ နောက်ဆုံးမှ စိတ်ကူးထဲမှာ ရုပ်လုံးပေါ်လာပြီး ချရေးခဲ့ရတယ်။ ဒီလိုကြိုးစားပမ်းစား ဆွဲထားတာကို ခင်ဗျားက မြင်းနဲ့မှားတယ်ဆိုတော့ ကျွန်တော် နည်းနည်း ကျွဲမြီးတိုသွားမိတယ်ဗျာ"

ဤသို့ သူကရှင်းပြသည်။

"အခုလိုရှင်းပြလိုက်တော့လည်း ယူနီကောင်းမှန်း

သိသွားတာပေါ့။ အခုတော့ သူ့ခေါင်းထိပ်က ဦးချိုကို ထင်ထင်ရှားရှားမြင်ပြီလေ။ ခက်တာက ယူနီကောင်းဆိုလို့ ဘုရင်မရဲ့ တံဆိပ်တော်ထဲပါတဲ့ ပုံကိုပဲ မြင်ဖူးတော့ ခပ်ဖျားခွဲတဲ့ပုံကို တွေ့လိုက်တဲ့အခါ တုန်းပြီး မသိတာဘဲ။ ဒါနဲ့ ဒီဘက်က အကောင်က နဂါးလား"

"ဟုတ်တယ် ဒါကို ခွဲရတာကတော့ မခက်ပါဘူး။ ယူနီကောင်းခွဲရတာပဲ ခက်တာ။ မနက်ဖြန်မှပဲ လက်စသတ်တော့မယ်"

ထိုသို့ပြောကာ ဒီကွန်က ပန်းချီကားကို ဒေါက်ပေါ်တွင် နောက်ပြန်လှည့်ထားလိုက်သည်။ ထို့နောက် အခြားအကြောင်းရပ်များကို ကျွန်ုပ်တို့ ဆွေးနွေးဖြစ်ကြသည်။

ကျွန်ုပ်မှိုင်ယာသည် ထိုနေ့က နောက်ကျခဲ့၏။ သူရောက်လာသောအခါတွင် ဂင်တိုတိုပြင်သစ်လူမျိုးတစ်ဦး ပါလာသည်။ မှန်စီယာပေါလ်ဒီဒတ်ဟူ၍ ကျွန်ုပ်တို့နှင့် မိတ်ဆက်ပေးသည်။ ထိုသို့ လူစိမ်းတစ်ဦးခေါ်လာခြင်းအတွက် အံ့အားသင့်မိရသည်။ အကြောင်းကား ဝိညာဉ်ပညာရပ်၏ စည်းကမ်းချက်များအရ ဝိညာဉ်လောကနှင့် ဆက်သွယ်ရာတွင် လူစိမ်းပါဝင်လာပါက မအောင်မြင်တတ်၍ဖြစ်သည်။ သို့သော် ပေါလ်သီဒတ်သည်

ဂန္ဓာရီပညာရှင်ဖြစ်ကြောင်း၊ နတ်ဝင်သည်လည်း ဖြစ်ကြောင်း၊ ရှေ့ဖြစ်ဖတ်ပရောဟိတ်လည်းဖြစ်ကြောင်း၊ အင်္ဂလန်သို့ ခရီးထွက်လာရာတွင် ပါရီမြို့ရှိ ဂန္ဓာရီပညာဂိုဏ်းကြီး တစ်ဂိုဏ်းဖြစ်သည့် နှင်းဆီလက်ဝါးကပ်တိုင်အသင်း၏ မိတ်ဆက်စာဖြင့် ရောက်လာသူဖြစ်ကြောင်း၊ ထိုပုဂ္ဂိုလ်မျိုးရှိနေသဖြင့် မိမိတို့၏ လုပ်ငန်းအနှောင့်အယှက် မဖြစ်သည့်အပြင် ဂုဏ်ပင်ရှိကြောင်း ဗွန်မိုင်ယာက ရှင်းပြသည်။

ပေါလ်လီဒတ်သည် ကျွန်ုပ်ပြောပြခဲ့သည့်အတိုင်း ဂင်တိုတို ဖြစ်၏။ အဝတ်အစားကျနစွာ ဝတ်ဆင်ထားသော်လည်း ထူးခြားသော ရုပ်သွင်မရှိ။ မျက်နှာမှာ ချောမွတ်၍ အပြန့်ကျယ်သည်။ မုတ်ဆိတ်ပါးမြိုင်းမွေးများကို သပ်ရပ်စွာ ရိတ်ထားသည်။ မျက်လုံးများမှာမူ ထူးခြား၏။ အညိုရောင်ရှိ၍ ကြီးမားသည်။ ကတ္တီပါစကဲ့သို့ ပြောင်လက်နေသည်။ စူးစိုက်မှုရှိသည်။

ဟာဗေးဒီကွန်၏ ဇနီးသည် ကျွန်ုပ်တို့၏ စမ်းသပ်မှုများကို ယုံကြည်သူမဟုတ်သဖြင့် အခန်းထဲမှ ထွက်သွားသည်။ ထိုအခါတွင်မှ အခန်းထဲရှိ မီးအလင်းရောင်ကို ထုံးစံအတိုင်း လျှော့ချလိုက်ကြ၏။ ထို့နောက် အခန်းအလယ်ခေါင်ရှိ လေးထောင့်စပ်စပ်မဟော်ဂနီစားပွဲပတ်လည်တွင် ကုလားထိုင်များဆွဲ၍ ထိုင်ကြ

သည်။ မီးရောင်သည် တစ်ဦးမျက်နှာ တစ်ဦးမြင်သာရုံသာ လင်းလျက်ရှိ၏။ ပြင်သစ်လူမျိုး ပေါလ်လီဒတ်၏ တုတ်ခိုင်ပြီး အဖုများများ လေးထောင့်စပ်စပ်ရှိသည့် လက်ချောင်းများ စားပွဲပေါ် တွင် တင်ထားသည်ကို ကျွန်ုပ်တွေ့နေရသည်။

"တယ်ပျော်စရာကောင်းပါလား။ ကျုပ်ဒီလိုမထိုင်ခဲ့တာ နှစ်ပေါင်းတော်တော်ကြာပြီ။ ဒီက အစ်မကြီးက နတ်ဝင်သည်လား။ မာတ်စီးလာရင် မေ့သွားတတ်သလား"

ပေါလ်လီဒတ်က ထိုသို့မြော်သည်။

"မမေ့တော့ မမေ့ပါဘူး။ ဒါပေမဲ့ အင်မတန်ကို အိပ်ချင်နေတတ်တယ်"

"ဒါဟာ ပထမ အဆင့်ပဲ။ ဒါကို အစ်မကြီး အားပေးလိုက်ရင်မေ့သွားနိုင်တယ်။ အဲဒီလိုမေ့သွားရင် အစ်မကြီးရဲ့ ဝိညာဉ်က ထွက်သွားပြီး အခြားဝိညာဉ် ဝင်လာလိမ့်မယ်။ ဒါဆိုရင် ဝိညာဉ်လောကကို တိုက်ရိုက်ပြောနိုင်လာမယ်"

"အို . . ယူနီကောင်းကောင်က ဘာတွေစုပတ်သက်နေရတာလဲ" ပေါလ်လီဒတ်က တစ်ဆက်တည်း ပြောလိုက်သည်။

ဟာဘေးဒီတွန်က ထိုင်နေရာမှ လှုပ်ရှားသွား၏။ ပေါလ်လီဒတ်က ခေါင်းကို ဖြည်းညင်းစွာရမ်းခါ၍ နံရံပေါ်ရှိ

အမှောင်ရိပ်များကို ငေးကြည့်နေသည်။

"တယ်ပျော်စရာကောင်းပါလား။ ဒီလောက်ထူးဆန်းတဲ့ အကောင်ကို ဘယ်သူများ ဒီလောက်ကြီး ကြာကြာတွေးနေရတာလဲ"

"အံ့ဩစရာပဲ။ ယူနီကောင်းကို ပန်းချီရေးဖို့ ကျုပ်တစ်နေ့လုံးကြိုးစားနေခဲ့တယ်။ ဒါကို ခင်ဗျားဘယ်လိုသိသလဲ"

ဒီကွန်က အလောတကြီး ဝင်မေးလိုက်သည်။

"ခင်ဗျားဒီ အခန်းထဲမှာ တွေးနေခဲ့တာနော်" ဟု ပေါလ်လီဒတ်က ပြောရာ ဒီကွန်က . . .

"သေချာတာပေါ့ဗျာ" ဟုဖြေ၏။

"အတွေးဆိုတာ အရာဝတ္ထုပဲ ကိုယ့်လူရဲ့။ ခင်ဗျား အရာတစ်ခုကို စိတ်ကူးတယ်ဆိုရင် အဲဒီအရာကို ခင်ဗျား လုပ်လိုက်တာပဲ။ ခင်ဗျားဒါကို မသိဘူးလား။ ဒါပေမဲ့ ခင်ဗျားရဲ့ ယူနီကောင်းကို ကျုပ်တွေ့နိုင်တယ်။ ဘာကြောင့်လဲဆိုတော့ ကျုပ်က မြင်တယ်ဆိုတာမှာ မျက်စိနဲ့သာ မြင်တာမှမဟုတ်ဘဲ"

"ကျုပ်ဟာ မရှိဘူးသေတဲ့ အရာတစ်ခုကို တွေးရုံသက်သက်နဲ့ ဖန်တီးလိုက်တယ်လို့ ခင်ဗျားဆိုလိုတာလား"

"ကေန်ပေါ့ဗျာ။ ဒါကြောင့်ပဲ မကောင်းတဲ့အတွေးအခေါ်

တွေဟာ အနှောင့်အယှက်များနေတာပေါ့"

"ဒီယူနီကောင်းက ကျုပ်အထင်တော့ ဝိညာဉ်လောကမှာ ရှိနေတာပေါ့"

မှိုင်ယာက ဝင်ထောက်သည်။

"ဒါတွေဟာ ပညတ်ချက်တွေပါ။ သူတို့ဟာ တစ်နေရာရာ၊ ဒါမှမဟုတ် နေရာဝိုင်းမှာ ရှိနေတယ်။ ကျုပ်ကိုယ်တိုင် မပြောနိုင်ဘူး။ ကျုပ်တွေ့နေရတယ်။ ကျုပ်ထိတွေ့နိုင်တယ်"

"ဒါကို ကျုပ်တို့အားလုံး မြင်ရအောင် လုပ်နိုင်သလား မစ္စတာ လီဒတ်"

"အကောင်အထည်ပေါ်လာအောင်လုပ်မှ ခင်ဗျားတို့ မြင်ရမယ်။ နေဦး။ ဒါဟာ စမ်းသပ်မှုတစ်ရပ်ပဲ။ ဒါပေမဲ့ စွမ်းအား လိုတယ်။ ကျုပ်တို့မှာ ဘာစွမ်းအားရှိတယ်ဆိုတာ ကြည့်ကြရအောင်။ ဘာလုပ်နိုင်တယ်ဆိုတာလည်း ကြည့်ကြရအောင်။ ကျုပ်ဆန္ဒအတိုင်း ခင်ဗျားတို့ကို နေရာချထားနိုင်မလား"

"ခင်ဗျားဟာ ကျုပ်တို့ထက် အများကြီးပိုသိတယ်ဆိုတာ ထင်ရှားပါတယ်။ ခင်ဗျားကြိုက်သလိုသာ စီမံတော့ဗျာ" ဒီတွန်က အခွင့်ပေးလိုက်သည်။

"ဒါဆိုရင် ကျုပ်တို့လုပ်နိုင်သမျှ ကြိုးစားကြည့်ရအောင်၊

အစ်မကြီးကတော့ လက်ရှိနေရာမှာပဲ ထိုင်နေပါ။ အစ်မကြီး ဘေးနားမှာ ကျုပ်ထိုင်မယ်။ ကျုပ်ဘေးမှာတော့ ဒီက လူကြီးမင်း ထိုင်ပါ။ အစ်မကြီးရဲ့ တစ်ဖက်မှာတော့ မစ္စတာမှိုင်ယာထိုင်ပါ။ အဖြူနဲ့ ရွှေရောင်ဆံပင်ရှိသူတွေဟာ တစ်ပြန်စီ နေရာယူရတယ်။ ဟုတ်ပြီ. . . အားလုံးရဲ့ ခွင့်ပြုချက်နဲ့ ကျုပ် မီးတွေအားလုံး ပိတ်လိုက်မယ်နော်"

"အမှောင်ထုရဲ့ အကျိုးက ဘယ်လိုရှိသလဲ"

ကျွန်ုပ်က ဖြတ်မေးသည်။

"အကျိုးကတော့ ကျုပ်တို့လုပ်မယ့်ကိစ္စက အီသာဓာတ်ရဲ့ တုန်ခါမှုနဲ့ ဆိုင်တယ်။ အလင်းရောင်ဆိုတာလည်း အီသာရဲ့ တုန်ခါမှုပဲ။ ဒါကြောင့် အီသာရဲ့တုန်ခါမှုတစ်မျိုးက အခြားတုန်ခါ မှုတစ်မျိုးကို အနှောင့်အယှက်မဖြစ်အောင်လို့ဘဲ။ ကဲ. . . ခုဆို ကျုပ်တို့အားလုံး ဝါယာကြိုးသွယ်သလို သွယ်တန်းမိပြီ။ အစ်မကြီး အနေနဲ့ အမှောင်ထဲမှာ မကြောက်နဲ့နော်။ ဒါဟာ ပျော်စရာ ကောင်းပါတယ်"

ပထမတွင် အမှောင်ထုသည် ပိန်းပိတ်နေသည်ထင်ရ၏။ သို့သော် မိနစ်အနည်းငယ်အကြာတွင် မျက်လုံးများ ကျင့်သား လာသဖြင့် တစ်ဦးရှိနေသည်ကို တစ်ဦးက မြင်လာကြသည်။

သို့သော် မှုန်ဝါးဝါးမျှသာ။ မလှုပ်မယှက်ထိုင်နေသော ပုံသဏ္ဍာန်များမှလွဲ၍ အခန်းထဲတွင် တခြားမည်သည့်အရာကိုမျှ မတွေ့ရ။ ကျွန်ုပ်တို့အားလုံးသည် ယခုတစ်ခါတွင်မူ ယခင်အကြိမ် စမ်းသပ်ချက်များထက် ပိုမို၍ စိတ်ဝင်တစား စူးစိုက်နေကြသည်။

"ခင်ဗျားတို့ရဲ့ လက်တွေကို ခင်းဗျားတို့ရဲ့ ရှေ့တည့်တည့်မှာ တင်ထားကြပါ။ တစ်ဦးနဲ့တစ်ဦး လက်ချင်းထိတွေလို့တော့ မရနိုင်ပေဘူး။ စားပွဲက ကြီးလွန်းပြီး လူက နည်းလွန်းနေလို့ အစ်မကြီးရေ အိပ်ချင်လာပြီဆိုရင်တော့ ထိန်းမထားနဲ့ အိပ်ပစ်လိုက်။ ကောင်းပြီ။ ကျုပ်တို့အားလုံး ငြိမ်ငြိမ်သက်သက်ထိုင်ပြီး စောင့်မျှော်ကြမယ်"

ဤသို့ဖြင့် ကျွန်ုပ်တို့အားလုံး အမှောင်ထုထဲတွင် ငြိမ်သက်စွာထိုင်၍ စောင့်မျှော်နေမိကြ၏။ ရှေ့တည့်တည့်ရှိ အမှောင်ထုတွင်းသို့ ကြည့်နေမိကြ၏။ နာရီသံ တချက်ချက် ကြားနေရသည်။ ခပ်လှမ်းလှမ်းမှ ခွေးတစ်ကောင်၏ ဟောင်သံကို ပြတ်တောင်းပြတ်တောင်းကြားရ၏။ ကားတစ်စီး ဖြတ်သွားသဖြင့် ကားရှေ့မီးရောင်ကို ကန့်လန့်ကာများကြားမှ ပိုးတဝါး မြင်လိုက်ရသည်။ ယခင်စမ်းသပ်ချက်များ ပြုလုပ်ခဲ့စဉ်ကကဲ့သို့ ခြေဖျားများ အေးလာခြင်း၊ လက်ချောင်းများတွင် ရွတတဖြစ်လာခြင်း၊

လက်ဖဝါးများ အရောင်တောက်လာခြင်း၊ ကျောဘက်တွင် လေအေးတိုက်ခြင်း စသည်တို့ကို ကျွန်ုပ်တို့ ခံစားနေရသည်။

တစ်ခုထူးဆန်းသည်မှာ ကျွန်ုပ်၏ လက်မောင်းများတွင် အနည်းငယ်မျှ ထိုး၍ နာလာခြင်းဖြစ်သည်။ အထူးသဖြင့် ပေါလီဒိတ်နှင့် နီးသည့် ကျွန်ုပ်၏ ဘယ်ဘက်လက်မောင်းတွင် ပို၍သိသာ၏။ ကျွန်ုပ်အဖော်များသည်လည်း အလားတူ ခံစားနေရသည်ဟု မှန်းဆမိသည်။

ထိုစဉ်တွင် အမှောင်ထုထဲမှ အသံတစ်သံ ရုတ်တရက် ထွက်ပေါ်လာ၏။ ခပ်နိမ့်နိမ့်နှင့် ခပ်မြန်မြန်လေး ရှူနေသော မိန်းမတစ်ဦး၏ အသက်ရှူသံ။ ယင်းသည် တဖြည်းဖြည်း မြန်လာသကဲ့သို့ ပို၍ ပါးလျားလာသည်။ သွားများစေ့ထားသည့် ကြားမှ အသက်ရှူနေသည့်နှယ်ဖြစ်၏။ ထို့နောက် အဝတ်အစား များလှုပ်ရှားသံ ခပ်ကျယ်ကျယ်ထွက်ပေါ်လာသည်။

"ဒါ. . . ဘာဖြစ်တာလဲ အဆင်ပြေကြရဲ့လား" ဟု တစ်စုံတစ်ဦး၏ မေးသံထွက်ပေါ်လာ၏။

"အဆင်ပြေတယ်၊ အစ်မကြီးရဲ့ အသံ၊ ခုတင်စီးပြီး မေ့သွားပြီ"

"အခု လူကြီးမင်းတို့ ငြိမ်ငြိမ်လေး စောင့်နေမယ်ဆိုရင်

စိတ်ဝင်စားစရာကောင်းတဲ့ တစ်စုံတစ်ခုတော့ မြင်ရလိမ့်မယ်လို့ ကျုပ်ထင်တယ်" ဟု ပေါလ်လီဒတ်က ပြောသည်။

နာရီသံကို ဆက်ကြားနေရသည်။ နတ်ဝင်သည်ထံမှ အသက်ပြင်းပြင်းရှူသံကိုလည်း ကြားနေရသည်။ အခန်းအပြင် ဘက်လမ်းပေါ်မှ ဖြတ်သွားသော မော်တော်ကားမီးများ၏ ဝိုးတဝါးအလင်းရောင်ကိုလည်း ဆက်မြင်နေရ၏။ ထိုစဉ်တွင် စားပွဲတုန်ခါလာသည်။ ကျွန်ုပ်တို့၏ လက်ဖျားအောက်တွင် ဟိုရွေ့သည်ရွေ့ လှုပ်ရှားနေ စားပွဲမှ ခေါက်သံလိုလို အသံများ ထွက်ပေါ်လာသည်။ နှင်းထုထပ်စွာကျသောညတွင် မီးလင်းဖိုမှ မီးလောင်သံကဲ့သို့ တဖျစ်ဖျစ်မြည်သံများ ထွက်လာ၏။ ပေါလ်လီဒတ်အသံကို ကြားရသည်။

"ဟာ. . . စွမ်းအင်တော်တော်များတယ်။ စားပွဲပေါ် ကြည့်လိုက်ကြစမ်း"

ပထမတွင် ကျွန်ုပ်သည် အမြင်မှားနေခြင်းဟု၍ ထင်မိ၏။ သို့သော် အားလုံးမြင်နေကြရသည်။ စားပွဲမျက်နှာပြင် တွင် မီးစုန်းကဲ့သို့ စိမ်းဖန့်ဖန့်အရောင် တစ်နည်းဆိုသော် စိမ်းဖန့်ဖန့်အငွေ့များ ရှိနေသည်။ မီးခိုးများနှယ် ဝေ့ဝဲနေသည်။ ထိုအလင်းရောင်အောက်တွင် ပေါလ်လီဒတ်၏ ဖြူလျော်သော

လေးထောင့်စပ်စပ် လက်ချောင်းများကို မြင်နေရသည်။

"တယ်ပျော်စရာကောင်းပါလား။ တကယ့်ကို ထိပ်တန်းပဲ" ဟု သူက ဆိုသည်။

"ကျွန်ုပ်တို့ အကွရာတွေနဲ့ ခေါ်တော့မလား" ဟု မှိုင်ယာက မေးသည်။

"မခေါ်ဘူး။ ဒါထက်ကောင်းတာလုပ်ကြမယ်။ အကွရာတလုံးတွေ ခေါ်ပြီး စားပွဲလှုပ်နိုင်းတာဟာ အခြေခံအဆင့်ပဲရှိတယ်။ အစ်မကြီးလို နတ်ဝင်သည်မျိုးနဲ့ဆို ဒီထက်အဆင့်မြင့်မြင့် လိုက်နိုင်တယ်"

"ဟုတ်တယ်။ ဒီထက်ပိုပြီး အဆင့်မြင့်မြင့် လုပ်နိုင်တယ်" ဟု အသံတစ်သံက ပြောသည်။

"ခုနပြောတာ ဘယ်သူလဲ။ မက်ဟမ် ခင်ဗျားများလား"

"မဟုတ်ဘူး။ ကျုပ်. . . ဘာမှ မပြောဘူး"

"ခုနပြောတာ အစ်မကြီးပဲ"

"အို. . . ဒါပေမဲ့ သူ့အသံတော့ မဟုတ်ဘူးဗျ"

"ခင်ဗျားများ ပြောလိုက်တာလား၊ မစ္စစ်ဒီလာမဲလ်"

"နတ်ဝင်သည်က ပြောတာမဟုတ်ဘူး။ နတ်ဝင်သည်မှာ တည်ရှိနေတဲ့ အင်အားစုက ပြောတာ" ထူးဆန်းသည့်

အသံပြဲကြကြီးက ဤသို့ဝင်ပြောသည်

"ဒါဆို . . . မစ္စစ်ဒီလာမဲလ် ဘယ်မှာလဲ။ သူတော့ အန္တရာယ် မဖြစ်ပါဘူးနော်"

"နတ်ဝင်သည်ဟာ အခြားဘုံဘဝတစ်ခုမှာ ပျော်ရွှင်နေလေရဲ့။ သူ့နေရာကို ကျုပ်ယူလိုက်သလို သူကလည်း ကျုပ်နေရာကို ယူလိုက်ပြီ"

"ခင်ဗျား . . . ဘယ်သူလဲ"

"ကျုပ်ဘယ်သူဖြစ်ဖြစ် အရေးမကြီးပါဘူး။ ကျုပ်ဟာ ခင်ဗျားတို့ အသက်ရှင်နေသလို အသက်ရှင်ခဲ့ပြီး ခင်ဗျားတို့ သေကြမှာ ဖြစ်သလို သေခဲ့ပြီးတဲ့ လူတစ်ဦးပဲ"

အပြင်ဘက်မှ ကားတစ်စီးရပ်သံ ကြားရသည်။ ကားခနှင့် ပတ်သက်၍ စကားပြောနေသံ၊ ကောင်းမောင်းသူမား၏ ကြမ်းတမ်းစွာ ပြောသံတို့ကိုလည်း ကြားရသည်။ စိမ်းဖန့်ဖန့် အငွေ့အစုအဝေးသည် စားပွဲပေါ်တွင် ဝေ့ဝဲလျက် ရှိနေဆဲဖြစ်၏။ ထို အငွေ့အစုသည် နတ်ဝင်သည် မစ္စစ်ဒီလာမဲလ်၏ ရှေ့တည့်တည့်တွင် စုပြုံနေသည်။ ကျွန်ုပ် တော့ချမ်းသွားမိ၏။ ဘာသာတရားမှ တားမြစ်ထားသော အရာကို လုပ်နေမိကြပြီ၊ ကျွန်ုပ်တို့သည် သေသူနှင့် ဆက်သွယ်နေမိကြပြီ။ သို့အတွက် . .

"ကျုပ်တို့ . . . နည်းနည်းစည်းကျော်လာပြီ ထင်တယ်။ ရပ်လိုက်ဖို့ ကောင်းပြီ" ဟု ကျွန်ုပ်က အလန့်တကြားပြောမိသည်။ သို့သော် ကျန်ပုဂ္ဂိုလ်အားလုံး စိတ်အားထက်သန်နေသဖြင့် ကျွန်ုပ်စကားသည် အရာမထင်။

"စွမ်းအင်ကို အသုံးပြုဖို့ ဖန်တီးခဲ့ပြီးပြီ။ ဒါကို ကျုပ်တို့ လုပ်နိုင်တယ်ဆိုရင် ဒါဟာ လုပ်သင့်တဲ့အရာပဲ။ လူတွေရဲ့ လက်ရှိ အသိပညာနယ်ပယ်က သွေဖယ်သွားတဲ့ အရာတိုင်းဟာ အစပထမမှာတော့ တရားမဝင်ဘူးလို့ အပြောခံရတာပဲ။ သေခြင်းရဲ့ ဘာဘာဝကို စူးစမ်းတာဟာ သင့်တော်မှန်ကန်တယ်လို့ ကျုပ်ထင်တယ်"

ဟာပေးဒီကွန်က ဝင်ပြောသည်။

"ဟုတ်တယ်။ ဒါဟာ သင့်တော်မှန်ကန်တယ်"

တမလွန်ဘဝမှ အသံရှင်က ထောက်ခံသည်။

"ခင်ဗျား တကယ်ရောက်လာတယ်ဆိုတာကို စစ်ဆေးချင်တယ်။ ရမလား"

မှိုင်ယာက မေး၏။

"ဘာကို စစ်ဆေးချင်တာလဲ"

"ကောင်းပြီ။ ကျုပ်ဖိတ်ထဲမှာ အကြွေအချို့ရှိတယ်။

ဘယ်လောက်ရှိတယ်ဆိုတာ ပြောနိုင်မလား"

"ကျုပ်တို့ လူဘဝကိုပြန်လာတာဟာ လူတွေကို သင်ကြားပေးဖို့နဲ့ အဆင့်မြှင့်ပေးဖို့ဆိုတဲ့ မျှော်လင့်ချက်နဲ့ပဲ။ ကလေးဆန်တဲ့ ပဟေဠိတွေ ဖြေဖို့မဟုတ်ဘူး"

"ဟား. . ဟား. . ဟား. . ။ ဒီတစ်ခါ ခင်ဗျားခံရတာပဲ မစ္စတာမွိုင်ယာ။ ဒါပေမဲ့ ထိန်းချုပ်ပုဂ္ဂိုလ်ပြောတာဟာ အမှန်တရားပဲ"

ပေါလ်လီဒတ်က ပြောပြသည်။

"ကစားစရာမဟုတ်ဘူး" အေးစက်မာကျောသော အသံရှင်က ဆက်ပြောပြန်သည်။

"မှန်ပါတယ်။ ဒါဟာလည်း ကျုပ်လက်ခံထားတဲ့ အမြင်ပါပဲ။ ကျုပ် ပေါကြောင်ကြောင်မေးခွန်းမေးမိလို့ တောင်းပန်ပါတယ်။ ခင်ဗျားဘယ်သူလဲ ဆိုတာတော့ ပြောနိုင်မလား"

"ဒါကော ဘာအရေးကြီးလို့လဲ"

"ခင်ဗျား တမလွန်ဘဝရောက်တာ ကြာပြီလား"

"ကြာပြီ"

"ဘယ်လောက်ကြာပြီလဲ"

"ခင်ဗျားတို့ အချိန်ကို တိုင်းတာသလို ကျုပ်တို့

မတိုင်းတာဘူး။ ကျုပ်တို့ရဲ့ အခြေအနေက တစ်မျိုးဖြစ်တယ်"

"ခင်ဗျား ပျော်ရဲ့လား"

"ပျော်တယ်"

"ခင်ဗျား. . . လူ့ဘဝကို ပြန်မလာချင်ဘူးလား"

"ဟင့်အင်း. . . မလာချင်ဘူး"

"ခင်ဗျား အလုပ်များသလား"

"အလုပ်သာမများရင် ကျုပ်တို့ပျော်မှာ မဟုတ်ဘူး"

"ခင်ဗျား ဘာလုပ်သလဲ"

"ကျုပ်ပြောပြီးပြီပဲ။ ကျုပ်တို့ရဲ့ အခြေအနေနဲ့ ခင်ဗျားတို့နဲ့ မတူဘူးဆိုတာ"

"ခင်ဗျားရဲ့ အလုပ်နဲ့ပတ်သက်ပြီး အရိပ်အမြွက်လောက် မပြောနိုင်ဘူးလား"

"ကျုပ်တို့ဟာ ကျုပ်တို့နဲ့ အခြားသူတွေရဲ့ တိုးတက်မှု အတွက် လုပ်ကြတယ်"

"ဒီည ဒီကိုလာတာ ခင်ဗျားကြိုက်ရဲ့လား"

"ကျုပ်လာတာ အကျိုးတစ်ခုခုရှိမယ်ဆိုရင်တော့ ကြိုက်ပါတယ်"

"ဒါဆို အကျိုးရှိအောင်လုပ်ဖို့က ခင်ဗျားရဲ့ ရည်ရွယ်ချက်

ပေါ့'

"ဒါဟာ ဘုံဘ၀အသီးသီးမှာရှိတဲ့ ရှင်သန်မှုအားလုံးရဲ့ ရည်ရွယ်ချက်ပဲ ဖြစ်တယ်"

"တွေလားမက်ဟာမ်။ ခင်ဗျားရဲ့ စိုးရိမ်မှုကို အဖြေပေးသွားပြီ" ဟုတ်ဝါသည်။ ကျွန်ုပ်၏ သံသယများ လွင့်စဉ်ပျောက်ကွယ်ကုန်ပြီ။ စိတ်ဝင်စားမှုသာ ကျန်တော့၏။

"ခင်ဗျားတို့မှာ ဝေဒနာခံစားမှုရှိသလား"

ကျွန်ုပ် မေးလိုက်၏။

"ဝေဒနာခံစားမှုဆိုတာ ရုပ်ခန္ဓာရဲ့ ကိစ္စပဲဖြစ်တယ်။ ဒါကြောင့် ကျုပ်တို့မှာ မရှိဘူး"

"စိတ်ဝဒနာခံစားမှုကော ရှိသလား"

"ရှိတယ်။ ပူဆွေးမှု၊ ဗျာပါဒနဲ့ ကြောင့်ကြမှုတွေ ရှိတယ်"

"ခင်ဗျား မြေကမ္ဘာမှာ သိခဲ့တဲ့လူတွေကို ပြန်တွေ့ရသလား"

"တချို့ကိုတော့ ပြန်တွေ့ပါတယ်"

"ဘာကြောင့် တချို့ကိုသာ တွေ့ရတာလဲ"

"ကိုယ်ချင်းစာတရားရှိသူတွေကိုသာ တွေ့ရတာပဲ"

"လင်မယားချင်းကော ပြန်တွေ့ကြသလား"

"မေတ္တာစစ်နဲ့ ချစ်တဲ့လင်မယားတွေတော့ တွေ့ကြပါ တယ်"

"ကျုပ်တို့ အခုလုပ်နေတာတွေဟာ မှန်ရဲ့လား"

"မှန်ကန်တဲ့ စိတ်ဓါတ်နဲ့ လုပ်ရင် မှန်မယ်"

"မှားယွင်းတဲ့ စိတ်ဓါတ်က ဘာလဲ"

"စူစမ်းချင်စိတ်နဲ့ မလေးမစားလုပ်တဲ့စိတ်ပဲ"

"ဒါဆိုရင် အန္တရာယ် ဖြစ်နိုင်တယ်"

"ဘယ်လိုအန္တရာယ်မျိုးလဲ"

"ခင်ဗျားတို့ မထိန်းချုပ်နိုင်တဲ့ အင်းအားစုတွေကို ခေါ်မိလျက်သား ဖြစ်နိုင်တယ်"

"မကောင်းတဲ့ အင်အားစုတွေလား"

"မဖွံ့ဖြိုးသေးတဲ့ အင်အားစုတွေပါ"

"အန္တရာယ်ကြီးတယ်လို့ ခင်ဗျားပြောခဲ့တယ်။ ကိုယ် အန္တရာယ်လား၊ စိတ်အန္တရာယ်လား"

"တစ်ခါတစ်ရံ နှစ်မျိုးလုံးပဲ"

ထို့နောက် အသံရပ်သွား၏။ အမှောင်ထုသည် ပို၍ မည်းမှောင်လာသည် ထင်ရ၏။ စိမ်းဖန့်ဖန့်အငွေ့များကမူ စားပွဲပေါ်တွင် ဝေ့ဝဲနေဆဲ။

"ဘာများ မေးချင်သေးသလဲ မှိုင်ယာ" ဟု ဟာဘေးဒီကွန်ကမေးသည်။

"ဒါလေးပါပဲ။ ခင်ဗျားတို့ လောကမှာ ဝတ်ပြုကြသလား"

"ဘယ်လောကမှာဖြစ်ဖြစ် ဝတ်ပြုသင့်တာပေါ့"

"ဘာကြောင့်လဲ"

"ဘာကြောင့်လဲဆိုတော့ ဝတ်ပြုဆုတောင်းခြင်းဟာ ကျုပ်တို့ရဲ့ ပြင်ပမှာရှိနေတဲ့ အင်အားစုတွေကို အသိအမှတ်ပြုခြင်း ဖြစ်လို့ပဲ"

"ခင်ဗျားတို့ လောကမှာ ဘယ်ဘာသာတရားကို ကိုးကွယ်သလဲ"

"ကျုပ်တို့ဆီမှာလည်း ခင်ဗျားတို့လိုပဲ အမျိုးမျိုးကွဲပြားကြတယ်"

"ခင်ဗျားတို့ဆီမှာ အသိပညာတစ်စုံတစ်ရာ ရှိသလား"

"ကျုပ်တို့ဆီမှာတော့ ယုံကြည်ကိုင်းရှိုင်းမှုပဲ ရှိတယ်"

"ဒီဘာသာရေးနဲ့ပတ်သက်တဲ့ မေးခွန်းတွေဟာ သူကြီးမင်းတို့ အင်္ဂလိပ်လူမျိုးတွေအတွက် စိတ်ဝင်စားစရာဖြစ်ပေမဲ့ သိပ်တော့ပျော်စရာမကောင်းလှဘူး။ အခုလို အင်အားကြီးဘဲ့စွမ်းအား ရောက်ရှိနေခိုက်မှာ ကျုပ်တို့အတွေ့အကြုံရစရာ၊

ကျုပ်တို့ ပြောစမှတ်ပြုကျန်ရစ်စရာ တစ်စုံတစ်ခုရနိုင်စရာ ရှိတယ်" ဟု ပေါလ်လီဒတ်က ဝင်ပြော၏။

"ဒါပေမဲ့ အခုထက်ပိုပြီး စိတ်ဝင်စားစရာကောင်းတာ မရှိပါဘူး" ဟု မှိုင်ယာက ဆင်ခြေပေးသည်။

"ဟုတ်ပြီလေ။ ခင်ဗျား ဒီလိုထင်ရင်တော့ ကောင်းပါတယ်။ ကျုပ်အတွက်တော့ ဒါမျိုးတွေ ရိုးနေပြီ။ ဒါကြောင့် အခုလက်ရှိ ကျုပ်တို့တွေနေရတဲ့ "စွမ်းအား" ကိုသုံးပြီး တစ်ခုခုစမ်းသပ်ချင်တယ်ဗျာ။ ဒါပေမဲ့ ခင်ဗျားတို့မှာ တခြား မေးခွန်းတွေရှိရင် မေးကြပါ။ ပြီးမှ စမ်းသပ်ကြတာပေါ့" ဟု ပေါလ်လီဒတ်က ဆိုသည်။

သို့သော် ဓာတ်စီးမှု ပြယ်သွားခဲ့လေပြီ။ ကျွန်ုပ်တို့ မေးသမျှကို နတ်ဝင်သည်က ဘာမျှပြန်မဖြေ။ ဆိတ်ငြိမ်လျက် ရှိ၏။ သူမ၏ အသက်ရှူသံပြင်းပြင်းကသာ သူမ ထိုနေရာတွင် ရှိနေသေးကြောင်း ဖော်ပြနေသည်။ စိမ်းဖန့်ဖန့်အငွေ့များကမူ စားပွဲပေါ်တွင် ရှိနေဆဲဖြစ်၏။

"ခင်ဗျားကြောင့် 'ညီညွတ်မှု" ပြတ်သွားပြီ။ သူဘာမှ ဖြေတော့မှာ မဟုတ်ဘူး"

"ဒါပေမဲ့ သူပြောနိုင်သလောက်တော့ ကျုပ်တို့သိလိုက်

ရပြီ မဟုတ်လား။ ကျုပ်ကတော့ အရင်တစ်ခါမှ မမြင်ဖူးတာကို မြင်ချင်တာပါပဲ"

"ဘာကိုလဲ"

"ခင်ဗျား စမ်းခွင့်ပြုမလား"

"ခင်ဗျား ဘာလုပ်မှာလဲ"

"ကျုပ်ပြောပြီးပြီပဲ။ အတွေးဆိုတာ အရာဝတ္ထုပဲလို့။ ဒါကို ခင်ဗျားတို့ကို ကျုပ် သက်သေပြချင်တယ်။ ဟုတ်တယ်။ ကျုပ်လုပ်နိုင်တယ်။ ခင်ဗျားတို့ တွေ့စေရမယ်။ အခုတော့ အားလုံး ငြိမ်ငြိမ်ထိုင်နေကြပါ။ စကားမပြောကြပါနဲ့။ လက်တွေကိုလည်း စားပွဲပေါ် ငြိမ်ငြိမ်လေးတင်ထားကြပါ"

အခန်းသည် ပို၍မှောင်မည်းကာ ပို၍တိတ်ဆိတ်သွား၏။ စတင်မြူလုပ်စက ကြောက်လန့်မှုမျိုး ခံစားရသည်။ ခေါင်းရှိဆံပင်များ ထောင်လာသည်ထင်ရ၏။

"အလုပ်ဖြစ်တယ်။ အလုပ်ဖြစ်တယ်" ဟု ပေါလ်လီဒတ်က အော်လိုက်သည်။ သူ့အသံ အက်တွဲနေသဖြင့် သူသည်လည်း စိတ်လှုပ်ရှားနေကြောင်း သိလိုက်သည်။

စားပွဲပေါ်တွင် ဝေ့ဝဲနေသော စိမ်းဖန့်ဖန့် အငွေ့တို့ မြွ ...ားစပြုနေသည်။ ယင်းတို့သည် တဖြည်းဖြည်း အခန်းတဖက်

ဆီသို့ ဦးတည်သွားနေသည်။ အခန်း၏ အမှောင်မည်းဆုံးထောင့်သို့အရောက်တွင် စုစည်း၍ လုံးဝန်းတောက်ပလာသည်။ သို့သော်အလင်းရောင်ဖြာမှုမရှိ။ အရောင်သည်လည်း စိမ်းဖန့်ဖန့်မှ အနီရောင်မှိုင်းမှိုင်းသို့ ပြောင်းလဲသွား၏။ ထိုအနီရောင် မှိုင်းမှိုင်းကိုဖောက်ချက်ပြု၍ အငွေ့သဏ္ဌာန် မည်းမှောင်သောအရာတို့ ထပ်မံဝိုင်းဝန်းဖြစ်တည်လာသည်။ ထိုဖြစ်တည်လာသောအရာတို့သည် တဖြည်းဖြည်းထူထဲ သိပ်သည်းလာသည်။ မာကျောလာသည်။ ပို၍ မည်းမှောင်လာသည်။ ထို့နောက် အလင်းရောင် ချုပ်ငြိမ်းပျောက်ကွယ် သွားတော့သည်။

"သွားပြီ . . . ပျောက်သွားပြီ"

"နေဦး။ အခန်းထဲမှာ တစ်စုံတစ်ခုရောက်နေတယ်"

အနီရောင်မှိုင်းမှိုင်းပေါ်ထွက်ခဲ့ရာ အခန်းထောင့်မှ အသံကို ကြားနေရသည်။ အသက်ပြင်းပြင်းရှူသံနှင့် အမှောင်ထဲတွင် ဂနာမငြိမ်ဖြစ်နေသံ ဖြစ်သည်။

"ဒါဘာလဲ လီဇတ်။ ခင်ဗျားဘာလုပ်လိုက်တာလဲ"

"အဆင်ပြေပါတယ်။ ဘာအန္တရာယ်မှ မရှိပါဘူး"

လီဇတ်ကပြောသည်။ သို့သော် သူ့အသံမှာ တုန်နေ၏။

"ဘုရားရေ မှိုင်ယာ၊ အခန်းထဲမှာ အကောင်ကြီး တစ်

ကောင်ရောက်နေတယ်။ ဒီမှာ . . . ကျုပ်ဘေးနားမှာ။ သွား . . . သွား။"

ဟာဘေးဒီကွန်၏ အသံဖြစ်သည်။ ထို့နောက် မာငကျော သောအရာကို ရိုက်လိုက်သံကြားရသည်။ ထို့နောက် . . . ထို့နောက် ဖြစ်ပျက်ပုံကို ကျွန်ုပ်မည်သို့ပ ပြောရမည်နည်း။

အမှောင်ထုထဲတွင် ကြီးမားသော အရာတစ်ခုက ကျွန်ုပ် တို့အားလုံး တစ်ကွဲတစ်ပြားစီလွင့်သွားကြသည်။ ထိုအရာသည် ကြောက်မက်ဖွယ်ကောင်းသော အင်အားဖြင့် အခန်းထောင့်တစ် ထောင့်မှ အခြားထောင့်တစ်ထောင့်စီကို ကျွန်ုပ်တို့အား တွန်းဖေ့ နေသည်။ ကျွန်ုပ်တို့အားလုံး ကြောက်အားကြီးစွာ အောတစ်မိ ကြ၏။ ထိုအရာနှင့်ဝေးရန် ချော်ချော်လက်ဝါ ရှမ်းတကန်နေကြရ သည်။ ကျွန်ုပ်၏ ဘယ်ဘက်လက်ကို တစ်စုံတစ်ဘ နင်းသီချ လိုက်၏။ အရိုးများ ကွဲထွက်တုန်သည်ဟု ခံစားလိုက်ရသည်။

"မီးထွန်းစမ်း။ မီးထွန်းစမ်း" ဟု တစ်စုံတစ်ယောက် က အော်သည်။ "မှိုင်ယာ ခင်ဗျားဆီမှာ မီးခြစ်ရှိတယ်"

"မရှိဘူး ဒီတွန်ရေ။ မီးခြစ် ဘယ်မှာလဲဗျ"

"ကျုပ်လည်း မတွေ့ဘူး တွေ့ရ . . . ဟိုမယ် ဒါတို့ ရှာပစ်လိုက်စမ်းပါ"

ဟိန်းတောက်ထွန်း ၁၁၁

"ကျုပ်မတတ်နိုင်တော့ဘူး။ တံခါးပေါက်၊ တံခါးပေါက် ဘယ်မှာလဲ"

ကံအားလျော်စွာပင် အမှောင်ထဲတွင် တံခါးလက်ကိုင်ဘုကို ကျွန်ုပ်စမ်းမိသွားသည်။ အသက်ပြင်းပြင်းရှူ၍ နှာမှုတ်နေသော သတ္တဝါသည် ကျွန်ုပ်နံဘေးမှဖြတ်၍ ဝက်သစ်ချသားနံရံကို ကြေကွဲမက်ဖွယ်ရာ ဝင်ဆောင့်လိုက်၏။ ထိုသတ္တဝါကျွန်ုပ်ကို ကျော်သွားသည်နှင့် တံခါးလက်ကိုင်ကို လှည့်ဖွင့်လိုက်သည်။ ခဏချင်းပင် အခန်းအပြင်စင်္ကြံသို့ ကျွန်ုပ်တို့အားလုံး ရောက်ရှိသွားကြ၏။ အခန်းတွင်းမှ ခြေဆောင့်သံ၊ တွန်းတိုက်သံများကိုမူ တုန်လှုပ်ဖွယ် ဆက်လက်ကြားနေရသည်။

"ဘာလဲဗျ၊ အဲဒါ ဘာလဲ"

"မြင်းတစ်ကောင်ပဲ။ တံခါးအဖွင့်မှာ မြင်လိုက်ရတယ်။ ဒါနဲ့ မစ္စစ်ဗီလာမဲလ်ရော"

"သူ့ကို ကျုပ်တို့အပြင်ကို သယ်ထုတ်မှပဲ။ လာ . . မက်ဟာမ်။ ကြာကြာစောင့်လို့ မဖြစ်ဘူး"

ပြောပြောဆိုဆို တံခါးဖွင့်၍ ကျွန်ုပ်တို့အားလုံး အခန်းတွင်းသို့ ပြန်ဝင်လိုက်ကြသည်။ မစ္စစ်ဗီလာမဲလ်သည် ကုလားထိုင်အကျိုးအပဲ့များကြားတွင် ခွေခွေလေး လဲလျက်ရှိ၏။ သူမကို

ပွေ့ချီလျက် အခန်းတွင်းမှ လျင်မြန်စွာ သယ်ထုတ်လိုက်ကြသည်။

တံခါးဝအရောက်တွင် ကျွန်ုပ်သည် နောက်သို့လှည့်၍ အမှောင်ထုတွင်း ကြည့်မိ၏။ ကျွန်ုပ်တို့အား တောက်ပစွာကြည့်လျက်ရှိသော ထူးဆန်းသည့်မျက်လုံးအစုံကို မြင်ရသည်။ ခွာရှပ်သံများလည်း ကြားရ၏။ ကျွန်ုပ် သီသီလေးသာ လွတ်သွားသည်။ တံခါးပြန်ပိတ်ချိန်တွင် ထိုအရာသည် အရှိန်ဖြင့် ပြေးဝင်ဆောင့်လိုက်ရာ တံခါးပေါက်ထွက်သွား၏။

"ဟာ . . . ဒီကောင်ကြီး ထွက်လိုက်လာပြီ" ဟု လီဒတ်က ငယ်သံပါအောင် အော်သည်။

နောက်ထပ် အသံကြီးတစ်သံ ထွက်လာပြီးနောက် ကျိုးပဲ့နေသော တံခါးပျဉ်ချပ်များကြားမှ တစ်စုံတစ်ခုထိုးထွက်လာ၏။ အဖြူရောင်ရှည်လျားသော ဦးချိုတစ်ချောင်းဖြစ်သည်။ နေရောင်တွင် ပြောင်လက်နေ၏။ ခဏမျှကြာအောင် တွေ့လိုက်ရပြီးနောက် ရုတ်တရက် ပျောက်ကွယ်သွားသည်။ "မြန်မြန်လုပ်ဟေ့ ဒီဘက်ကို ဒီဘက်ကိုပြေး" ဟု ဟောဗေးဒီကွန်က ဟစ်အော်သည်။ ကျွန်ုပ်တို့သည် ထမင်းစားခန်းထဲ ဝင်ပြေးကြသည်။ ထူထဲသော ဝက်သစ်ချသား တံခါးကို ပိတ်လိုက်၏။ သတိမေ့နေသော အမျိုးသမီးအား ဆိုဖာတွင် ချထားသည်။ မာကျောလှ

သည်ဆိုသော ဟာဗေးဒီကွန်တစ်ယောက်ကော်ဇောပေါ်သို့ အရုပ်ကြိုးပြတ် လဲကျသွားသည်။ လူသေကောင်နှယ် တစ်ကိုယ်လုံးဖြူလျော်နေ၍ ဝက်ရူးပြန်သည့်အလား တွန့်လိမ်ကျသွားလျှက်ရှိ၏။ ဆောင့်တိုက်သံ တစ်ချက်ကြားရပြီးနောက် စတူရီယိုအခန်းတံခါးပွင့်ထွက်သွားသံကြားရသည်။ နှာမှုတ်သံနှင့် ခြေဆောင့်သံများကြားနေရသည်။ တစ်အိမ်လုံးတုန်ခါနေသည်။ ပေါလ်လီဒတ်သည် မျက်နှာကို လက်ဝါးဖြင့် အုပ်ထားသည်။ ကြောက်လန့်နေသော ကလေးငယ်တစ်ဦးပမာ ငိုရှိုက်နေသည်။

"ကျုပ်တို့ဘာလုပ်ကြမလဲ" ဟုမေးရင်း သူ့ပခုံးကို ကွန်းဝ်ခပ်ကြမ်းကြမ်းလှုပ်ရမ်းသည်။

"သေနတ်သုံးလို့ ရမလား"

"မရဘူး၊ မရဘူး။ စွမ်းအင်အရှိန်သေသွားရင် သူ့အလိုလိုရပ်သွားလိမ့်မယ် "

" ခင်ဗျားကြောင့် ကျုပ်တို့အားလုံးသေသွားနိုင်တယ် အရူးရဲ့ "

" ကျုပ်မသိဘူး။ ဒီလိုကြောက်စရာကောင်းလိမ့်မယ်လို့ ကျုပ်ဘယ်လိုလုပ်သိမလဲ။ ဒါ သူ့အပြစ်ပဲ။ သူဖန်တီးတာ "

ဟာဗေးဒီကွန်က မတ်တပ်ထရပ်သည်။ " ဘုရားရေ "

ဟု ဖအော်သည်။

ကြောက်လန့်စရာ အော်သံက တစ်အိမ်လုံးကို လွှမ်းခြုံသွား၏။

"ဒါဟာ . . . ကျုပ်မိန်းမအော်သံ။ ကျုပ်အပြင်ထွက်မယ်။ မကောင်းဆိုးဝါး ကိုယ်တိုင်နဲ့ပဲ တွေ့ပါစေ။ ကျုပ်ထွက်မယ်"

ဒီကွန်က တံခါးကို ဆောင့်တွန်း၍ အပြင်သို့ ပြေးထွက်သွား၏။ စင်္ကြံအဆုံးတွင် သူ့ဇနီး မေ့လဲကျနေ၏။ ဒဏ်ရာဒဏ်ချက်မရှိ။ မြင်ရသောအရာကိုကြောက်၍ မေ့သွားခြင်းဖြစ်သည်။

ထိတ်ထိတ်လန့်လန့်ဖြင့် အနီးဝန်းကျင်ကို ကျွန်ုပ်တို့ကြည့်မိကြသည်။ အရာရာသည် ပကတိ တိတ်ဆိတ်ငြိမ်သက်လျက်။ ကျွန်ုပ်သည် စတူဒီယို တံခါးရှိရာသို့ သတိကြီးစွာထား၍ လှမ်းလာခဲ့သည်။ ထိုတံခါးဝမှ အချိန်မရွေး ထွက်ပေါ်လာမည့် ရက်စက်သော ပုံသဏ္ဌာန်ကို မျှော်လင့်ထားသည်။ သို့သော်မည်သည့်အရာမျှ ထွက်ပေါ်မလာ။ စတူဒီယိုအတွင်း၌လည်း အရာရာသည် ဆိတ်ငြိမ်လျက်။ အခန်းထဲသို့ ချောင်းကြည့်ကြသည်။ ဘာသံမျှတော့ မကြားရသေး။ သို့သော် ကျွန်ုပ်တို့တစ်ရှုတွင် အမှောင်ထုမရှိ။ တောက်ပနေသော ဇဟိုချက်မရှိသည့်အရောင် တလဲ့လဲ့ထွက်နေသော အခိုးအငွေ့စုသည် အခန်းထောင့်တွင် လွင့်မျော

နေသည်။ တဖြည်းဖြည်းချင်း ယင်းသည် မှေးမှိန်လာ၏။ နောက်ဆုံးတွင် ချောမွတ်သည့် ကတ္တီပါနက်ရောင်ရှိသော သိပ်သည်းထူထဲသည့် အမည်းရောင် မီးခိုးလုံးများသာ စတူဒီယိုတစ်ခုလုံးပြည့်နေတော့၏။ ထိုအရာဆီမှ နောက်ဆုံးအဖြစ် 'လက်' ကနဲဖြစ်သွားချိန်တွင် ပေါလ်လီဇတ်ထံမှ ပျော်ရွှင်ဖွယ် ရယ်မောသံထွက်လာသည်။

"တယ်ပျော်စရာကောင်းတာပဲ။ ဘယ်သူမှ မထိခိုက်ဘူး။ တံခါးပဲ ပျက်သွားတယ်။ ပြီးတော့ အမျိုးသမီးတွေ မေ့လဲကုန်တယ်။ ဒါပေမဲ့ ကျုပ်တို့ဟာ အရင်က ဘယ်သူမှ မလုပ်နိုင်တာကို လုပ်ခဲ့ကြပြီ မိတ်ဆွေတို့ရေ" ဟု ကြွေးကြော်သည်။

"ကျုပ်တတ်နိုင်သမျှတော့ ဒါမျိုးဘယ်တော့မှ ထပ်မဖြစ်စေရဘူး" ဟု ဟာဗေးဗီကွန်က ဆိုလိုက်သည်။

အထက်ပါတို့မှာ လွန်ခဲ့သည့် ဧပြီလ ၁၄ ရက်နေ့တွင် ဘက်ဒါလီပန်းခြံလမ်း အမှတ် ၁၇ ၌ ဖြစ်ပွားခဲ့သော ဖြစ်ရပ်တို့ဖြစ်၏။ ကျွန်ုပ်တို့သည် စနစ်တကျ လိမ်ညာခြင်းခံခဲ့ရသူများဟူ၍ သင့်အနေဖြင့် ဆိုချင်ပါက ဆိုနိုင်ပါသည်။ သို့မဟုတ်ပါကလည်း ကျွန်ုပ်သည် အမှတ်တကယ်ဖြစ်၍ လွန်စွာလည်း ကြောက်စရာကောင်းသော အတွေ့အကြုံကို ကြုံတွေ့ခဲ့ရသည်ဟုလည်း

# ဝိညာဉ်နှင့်ခန္ဓာ

ခန္ဓာနှင့်ဝိညာဉ်ဆိုသည့် စာတန်းကို ရေးသားပြုစုနေစဉ်မှာပင် အပြင်ဘက်ဆီက ဘော်ဘီဆီက အဆက်မပြတ် ထိုးဟောင်နေသံကို ကြားလိုက်ရသည်။

ကိုသူတော်သည် ရေးလက်စကို စာတန်းကိုရပ်ထားလိုက်ပြီး ဘော်လ်ပင်ကို စားပွဲခုံပေါ်သို့ တင်ထားလိုက်သည်။ ပါဝါပါသည့် စာကြည့်မျက်မှန်ကိုလည်း ဘေးသို့ ချထားလိုက်သည်။ လက်ညှိုး၊ လက်မနှင့် မျက်လုံးအကြောနေရာတွေဆီသို့ အသာဖိလိုက်ပြီးနောက် စားဖိုမှူးကြီးလည်းဖြစ်၊ အိမ်စောင့်ဆိုလည်း မမှားသည့် ဦးအောင်မြတ်အား

ဟိန်းတောက်ထွန်းစာပေ

လှမ်းအော်ပြောလိုက်ခဲ့ပါ၏။

"ဦးအောင်မြတ်…အပြင်ဘက်မှာ ညှို့သည်တွေ ရောက်နေတယ်ထင်တယ်။ ဘော့ဘီရဲ့ဟောင်သံကို ကြားနေရတယ်။ အဲဒါ တစ်ချက်လောက် သွားပြီးကြည့်လိုက်စမ်းပါဦး"

ဦးအောင်မြတ်သည် မီးဖိုခန်းထဲကနေ ပြေးထွက်လာပြီးနောက် အပြင်ဘက်သို့ ထွက်သွား၏။

သိပ်မကြာလိုက်…

ညှို့သည်နှစ်ယောက်နှင့်အတူ ဦးအောင်မြတ် ပြန်ရောက်လာသည်။

ဦးအောင်မြတ်နှင့်အတူ ပါလာသည့် နှစ်ယောက်မှာ ဒုရဲအုပ်ကိုမျိုးဇော်နှင့် ရဲကြပ်ကြီးကိုတင်အောင်တို့ ဖြစ်သည်။

သူတို့နှစ်ယောက်စလုံး ရဲယူနီဖောင်းအပြည့်နှင့် ဖြစ်သည်။ နှစ်ယောက်စလုံးက ကိုသူတော်နှင့် ရင်းနှီးကျွမ်းဝင်သည့် ငယ်ပေါင်းသူငယ်ချင်းတွေ ဖြစ်သည်။ အကြောင်းထူးကိစ္စ တစ်ခုခု ပေါ်လာလေတိုင်း သူတို့နှစ်ယောက်က

ကိုသူတော့်ထံသို့ ရောက်လာကြစမြဲ ဖြစ်သည်။

"ဘယ်လိုလဲ သူငယ်ချင်း…မင်း အလုပ်တွေ များနေ ပြန်ပြီလား"

ကမျိုးဇော်က စတင်၍ နှုတ်ဆက်စကားဆိုသည်။

ကိုသူတော်က ဦးခေါင်းညိတ်ပြလိုက်လျက်-

"ဒီလိုပေါ့ကွာ…အလုပ်တွေများနေတယ်ရယ်လို့တော့ မဟုတ်ပါဘူး။ ကိုယ် စိတ်ဝင်စားတဲ့အကြောင်းအရာ တစ်ခုခုကို လူတွေ သိသွားအောင်ဆိုပြီး စာတမ်းပြုစုနေတာလေ။ ဝိညာဉ်နဲ့ပတ်သက်တဲ့ စာတမ်းလေ။ ဒီစာတမ်းပြုစုပြီးသွားရင်တော့ စာအုပ်အနေနဲ့ ပြန်ထုတ်ဖို့တောင် စိတ်ကူးရှိထားတယ်။ နို့…ခင်ဗျားတို့ကို ကြည့်ရတာ အကြောင်းထူးကိစ္စတစ်ခုခုရှိလို့ ကျုပ်ဆီကို ခြေဦးလှည့်လာတာနဲ့ တူတယ် ဟုတ်စ"

ဒက်ထိမှန်လွန်းလှသည့် ကိုသူတော်၏အမေးစကားကြောင့် ကိုမျိုးဇော်သည် ဟန်ချက် ပြုံးလိုက်ရာမှ ခေါင်းညိတ်ပြလိုက်ပြီး-

"အင်း...ဟုတ်တယ်၊ အကြောင်းထူးကိစ္စလေး ပေါ်လာလို့ ကျုပ်တို့ ခင်ဗျားဆီကို လှည့်လာတာပဲဆိုပါတော့လေ"

ကိုသူတော်သည် ခေါင်းတညိတ်ညိတ်လုပ်ပြီးနောက်

"ကျုပ် သိပါတယ်လေ။ ခင်ဗျားတို့ကလည်း အကြောင်းကိစ္စမရှိရင် ကျုပ်ဆီကို ဘယ်တော့မှ လှည့်လာလိမ့်မယ်မဟုတ်ဘူးဆိုတာကို။ အကြောင်းထူးကိစ္စတစ်ခုခု ပေါ်လာမှပဲ ကျုပ်ကို သတိရတာမဟုတ်လား"

ကိုသူတော်၏စကားကြောင့် ကိုမျိုးဇော်၏မျက်နှာ တည်သွားသည်။ သက်ပြင်းတစ်ချက် ချလိုက်ရာမှလည်း လေအေးကလေးဖြင့်ပင်–

"ဒီလိုလည်း မပြောပါနဲ့ဗျာ...ခင်ဗျားတို့ ကျုပ်တို့ ဆိုတာက ငယ်ပေါင်းကြီးဖော် သူငယ်ချင်းတွေပဲဥစ္စာ။ ဘယ် သတိမရဘဲနေပါ့မလဲ။ အမြဲတမ်း သတိရနေတာပေါ့။ ငယ်ငယ်တုန်းကလိုပဲ ဟိုသွားဒီလာ အတူတူ လျှောက်သွား လျှောက်လာလုပ်ချင်တာပေါ့။ ဒါပေမယ့် အခုအချိန်မှာ

ခင်ဗျားတို့ ကျုပ်တို့က ငယ်ငယ်တုန်းကလို စိတ်လွတ်ကိုယ်လွတ်နဲ့ နေလို့မရကြတော့ဘူးလေ။ တာဝန်ကိုယ်စီနဲ့ ဖြစ်နေကြပြီမဟုတ်လား။ ခင်ဗျားကလည်း ခင်ဗျားဝါသနာပါတဲ့ ကိစ္စတွေနဲ့ လုံးပန်းနေတယ်။ အဲ…ကျုပ်တို့မှာကလည်း ကျုပ်တို့တာဝန်နဲ့ ကျုပ် လုံးချာလိုက်နေတာ။ အထူးသဖြင့် ကျုပ်တို့လို ရဲတွေမှာက ပိုပြီး တာဝန်ကြီးတာပေါ့ဗျာ။ နှစ်ဆယ့်လေးနာရီလုံးလုံး တာဝန်ထမ်းဆောင်နေရတာဆိုတော့ ဘယ်လိုလုပ်ပြီး လွတ်လွတ်လပ်လပ်နဲ့ သွားလာလို့ ရတော့မှာလဲဗျာ။ အဲဒါကို ခင်ဗျား သဘောပေါက်ဖို့ကောင်းပါတယ်လေ"

သည့်တော့လည်း…

ကိုမျိုးဇော်သည် လက်ညှိုးနှင့် နှာခေါင်းကို တစ်ချက်တို့လိုက်ရာမှ-

"အလကား စ,တာပါဗျာ…ခင်ဗျားတို့ ကျုပ်တို့က ငယ်ငယ်တုန်းကလို လွတ်လွတ်လပ်လပ်တွေမှ မဟုတ်ကြတော့ဘဲ။ အဲဒါကို ကျုပ် သိတာပေါ့။ ခင်ဗျားတို့လို နှစ်ဆယ့်

လေးနာရီလုံးလုံး တာဝန်ထမ်းဆောင်နေကြတဲ့ ရဲတွေ မပြောနဲ့၊ ကျုပ်လို စာတမ်းပြုစုနေတဲ့ လူတောင်မှ ဘယ်မှာ လွတ်လွတ်လပ်လပ် ရှိတော့လို့လဲ။ စာတမ်းလေးတစ်စောင် ဖြစ်လာဖို့အတွက်ကို အချိန်ပြည့် ဖင်နဲ့ထိုင်ခုံ ကပ်ထားနေရတဲ့ဥစ္စာ။ ကဲ…ထားပါတော့။ ကျုပ်လည်း အိပ်ရာထကတည်းက ဘာမှမစားရသေးဘူး။ ခင်ဗျားတို့လည်း စားရသေးမယ်မထင်ဘူး။ အဲဒီတော့ တစ်ခုခု စားရင်းသောက်ရင်း စကားပြောကြတာပေါ့လေ။ ဟုတ်ပြီလား"

သို့နှင့်…

သူတို့သုံးယောက်သည် စားသောက်ခန်းထဲသို့ ရောက်သွားကြသည်။ ဦးအောင်မြတ် တည်ခင်းပေးသော ကော်ဖီနှင့်ကိတ်မုန့်ကို စားသောက်ရင်း စကားပြောဖြစ်ကြတော့သည်။ စတင် စကားပြောဆိုခဲ့သူမှာ ကိုမျိုးဇော် ဖြစ်သည်။

"အဖြစ်က ဒီလိုဗျ…ရှုံးသားတစ်စုက အလုပ်ပိတ်ရက်မှာ ပျော်ပွဲစားထွက်လာကြတာ သူတို့ ပျော်ပွဲစားထွက်

လာတဲ့နေရာကလည်း မြင့်မဟာတောအုပ်ထဲကိုပဲ။ သူတို့စပြီးထွက်လာတုန်းကတော့ နေ့လယ်ပိုင်းကပဲ။ မြင့်မဟာတောအုပ်ကိုရောက်တော့ ညအမှောင်ကို ရောက်နေပြီ။ သူတို့ကတော့ သူတို့ရဲ့အစီအစဉ်ကို နောက်မဆုတ်ဘဲ ရှေ့ကိုတိုးလာတယ်။ မြင့်မဟာတောအုပ်ထဲကိုရောက်တော့ သူတို့အားလုံး စားရင်းသောက်ရင်း ထုံးစံအတိုင်း ဂိမ်းကစားကြတာပေါ့လေ"

ကိုမျိုးဇော်က စကားကို ခေတ္တရပ်နားကာ ကော်ဖီလက်ကျန်ကို မော့သောက်သည်။ ကိတ်မုန့်တစ်ချပ်ကို ဖဲ့စားသည်။

ကိုသူတော်ကတော့ ကိုမျိုးဇော် ပြောဆိုနေသမျှစကားကို ဘာတစ်ခွန်းမှ ဝင်မထောက်ဘဲ အသာငြိမ်၍နားထောင်နေသည်။

တကယ်တော့…

ကိုမျိုးဇော်၏စကားထဲတွင် ပါလာသည့် မြင့်မဟာတောအုပ်ဆိုကတည်းက ယခုစာတ်လမ်းသည် အနည်းနှင့်

အများတော့ စိတ်ဝင်စားဖို့ ကောင်းတော့မည်ကို သိနားလည် လိုက်မိသည်။ မြိုင်မဟာတောအုပ်တွင် ဝိညာဉ်သရဲတို့ ခိုအောင်းနေသည်ဟု သည်နယ်တစ်ဝိုက်မှာ သတင်းကြီးနေ သည်။

တစ်ခါတုန်းက ခရီးသွားအမျိုးသမီးတစ်ယောက် မျက်စိလည်လမ်းမှားပြီး ထိုမြိုင်မဟာတောအုပ်ထဲသို့ ရောက် သွားဖူးသည်။

ထိုအမျိုးသမီး ရောက်ရှိသွားသည့်အချိန်ကာလသည် နေ့လယ်နေ့ခင်းအချိန်ကာလ မဟုတ်ပေ။ အမှောင်လွှမ်းသည့် ညအချိန်အခါမျိုး ဖြစ်သည်။

တိုက်တိုက်ဆိုင်ဆိုင်ဆိုသလိုပင် ထိုအမျိုးသမီး ရောက် ရှိသွားသည့်နေရာသည် ထိုမြိုင်မဟာတောအုပ်ထဲမှ အိမ်နက် ကြီးနားသို့ ဖြစ်သည်။

ထိုအမျိုးသမီးသည် လမ်းတစ်လျှောက်လုံး လူသူ တစ်ဦးတစ်ယောက်မျှ မတွေ့ရပါဘဲလျက် ထိုအိမ်နက်ကြီး နားသို့ အရောက်မှာပင် မိန်းမပျိုလေးတစ်ယောက်ကို တွေ့

လိုက်ရသည်။

ထိုမိန်းမငယ်လေးသည် ရှည်လျားဖားဝေသည့် ဆံပင်ရှည်တို့ကို ဖြန့်ချထားသည်။ ဦးခေါင်းကို ငုံ့ထားသောကြောင့် ရှည်လျားဖားဝေသည့် မဟူရာဆံကေသာတို့က မျက်နှာကို ဖုံးအုပ်ထားသလို ရှိသည်။

ထိုမိန်းမငယ်လေးသည် အိမ်နက်ကြီးအိမ်အပြင်ဘက် အုတ်ခုံတန်းတွင် ထိုင်နေခြင်းဖြစ်သည်။

ညမှောင်ကြီးမည်းမည်းထဲတွင် တစ်ယောက်တည်း ထွက်ပြီး ထိုင်နေသည့် ထိုမိန်းမငယ်လေးကို ကြည့်၍ စိတ်ထဲမှာ ထူးဆန်းသွားမိသော်လည်း မေးစရာဆိုလို့ ထိုမိန်းမငယ်လေးသာ ရှိနေသည်မို့လည်း-

"ဒီမှာ...ဒီမှာရှင့်...သုခိတာမြို့ကို သွားချင်လို့၊ အဲဒါ တဆိတ်လောက် လမ်းညွှန်ပေးပါလားရှင်"

လမ်းမှားလာသည့် အမျိုးသမီးက သူ သိလိုသည့် အချက်ကို တရိုတသေ တလေးတစားပင် မေးလိုက်ပါ၏။

ဘာကြောင့်လဲမသိပါ။

အမျိုးသမီး၏ အမေးစကားကို မိန်းမငယ်လေးက အဖြေမပေးပါ။ ထူးထူးဆန်းဆန်းဆိုသလို ရယ်သံသာ ထွက်လာသည်။

''ဟီး…ဟီး…ဟီး''

ရယ်သံက တစ်မျိုးပဲ။

ရိုးရိုးသာမန်လူတစ်ယောက်၏ရယ်သံမျိုးနှင့် မတူပေ။

ဖုတ်ဝင်နေသူ၊ သရဲဝင်စီးနေသည့်လူသားတစ်ယောက်၏ရယ်သံမျိုး ဖြစ်သည်။

မေးခွန်းထုတ်လိုက်မိသည့် အမျိုးသမီးပင် အနည်းငယ် ကျောချမ်းချင်သလို ဖြစ်သွားသည်။ တစ်ကိုယ်လုံး စိမ့်ပြီး အေးတက်သွားချင်သလိုတောင် ဖြစ်သွားသည်။ အလိုလိုနေရင်းလည်း နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်မိသည်။

ထိုစဉ်မှာပင်…

ငြိမ်သက်နေသည့် လေက အကြမ်းပတမ်း တိုက်ခတ်လာသည်။

ဟိန်းတောက်ထွန်းစာပေ

ငြိမ်သက်စွာ ရပ်တည်နေသည့် သစ်ပင်ကြီးများ လှုပ်ယမ်းလာသည်။ သစ်ရွက်များ တဖြုတ်ဖြုတ် ကြွေကျနေသည်။

စောစောပိုင်းတုန်းက ငြိမ်သက်တိတ်ဆိတ်နေသည့် ပတ်ဝန်းကျင်တစ်ခုလုံးသည် ယခုတော့လည်း လှုပ်ရှားအသက်ဝင်ခဲ့ပြီ ဖြစ်သည်။ ရှုပ်ထွေးညံ့ညံ့ ဖြစ်နေခဲ့ပြီ ဖြစ်သည်။

"ဝရော…ဝရော…ဝရော"

မည်းမည်းအကောင်တွေ ခြုံကြီးထဲကနေ အုန်းအင်းသရောဖြင့် ပြေးထွက်လာကြပြန်သည်။

ထိုမည်းမည်းအကောင်တွေ ပြေးထွက်လာပုံက အုံလိုက်ဖွဲ့လိုက် ဖြစ်သည်။

ထိုမည်းမည်းအကောင်တွေက အမျိုးသမီးဆီသို့ ဦးတည်ပြေးထွက်လာပြီး ဖြစ်သည်။

အမျိုးသမီးခမျာ ကြောက်အားလန့်အားဖြင့် ဒူးတုပ်ထိုင်ချလိုက်ရာမှ ဦးခေါင်းပေါ်သို့ လက်ဖြင့် ကာထားလိုက်မိသည်။

"အား…"

ဦးခေါင်းပေါ် ကာထားသည့်လက်ကို ထိုးဆိတ်ခြင်း ခံလိုက်ရသောကြောင့် အသည်းခိုက်မတတ် နာကျင်သွားပြီး အသံထွက်မတတ် အော်လိုက်မိသည်။

"ဟီး…ဟီး…ဟီး"

"ဟီး…ဟီး…ဟီး"

မိန်းမငယ်လေးဆီမှ 'အမင်္ဂလာ ရယ်သံကြီးတွေက အဆက်မပြတ် ထွက်ပေါ်လာပြန်သည်။

ထိုရယ်သံကြီးတွေကြောင့်လည်း အမျိုးသမီးခများ ကြောက်အားလန့်အား ဖြစ်နေရသည့်အထဲ ပို၍သာ တုန်လှုပ် ချောက်ချားသွားတော့၏။

ထိုမည်းမည်းအကောင်တွေ ပျောက်ကွယ်သွားသည် နှင့် ထိုနေရာကနေ နောက်ပြန်လှည့်ပြေးဖို့လည်း စိတ်ပိုင်း ဖြတ်လိုက်မိသည်။

မကြာမတင်မှာပင်…

ထိုမည်းမည်းအကောင်တွေ ပျောက်ကွယ်သွားသည်။

စင်စစ်...

ထိုမည်းမည်းအကောင်တွေမှာ ဆာနေသည့် လင်းနို့ငှက်တွေဖြစ်မှန်း နောက်မှသိလိုက်ရသည်။

မည်းမည်းအကောင်တွေ ပျောက်ကွယ်သွားသည်နှင့် တိုက်တိုက်ဆိုင်ဆိုင် လေကလည်း ငြိမ်သက်သွားသည်။ လှုပ်ယမ်းနေသည့် သစ်ပင်ကြီးတွေမှာလည်း ငြိမ်သက်သွားသည်။ အံ့အားသင့်ဖို့ကောင်းသည်မှာ ဓားစောတုန်းက သဲသဲလှုပ်လှုပ်ဖြင့် တဖြုတ်ဖြုတ်ဖြင့် ကြွေသက်ကျဆင်းနေသည့် သစ်ရွက်တွေကိုလည်း မြေပြင်မှာ မတွေ့ရပါလေတော့။ အံ့ဩဖို့ကောင်းလိုက်သည့် အဖြစ်ပါပဲ။

အမျိုးသမီးသည် အံ့အားသင့်စိတ်နှင့်အတူ ထိုနေရာမှ ထွက်ခွာဖို့ ထိုင်ရာက ထရပ်လိုက်မိသည်။

"ဟီး...ဟီး...ဟီး"

"ဟီး...ဟီး...ဟီး"

အမင်္ဂလာ ရယ်သံကြီးတွေ ထုတ်လွှတ်နေသည့် မိန်းမငယ်လေးဆီသို့ အမှုမဲ့အမှတ်မဲ့ လှမ်းကြည့်လိုက်မိသည်။

ဟိန်းဝေယံကျွန်းစာပေ

"အမေ့"

သစ်ပင်တွေကြားထဲကနေ ရိုးရိုးရိပ်ရိပ် မြင်တွေ့လိုက်ရသည့် ထိုမိန်းမငယ်လေး၏မျက်နှာကို မြင်တွေ့လိုက်ရသော တစ်ခဏ၌ အမျိုးသမီးခမျာ မူးမေ့မတတ် အသည်းလှိုက်ဖိုသွားလျက် နှုတ်မှ အာမေဋိတ်သံ လွတ်ထွက်လိုက်မိသည်။

တကယ်တော့…

မိန်းမငယ်လေး၏မျက်နှာမှာ အင်မတန်ကို ကြောက်စရာကောင်းနေသည် အမှန်။

မျက်နှာတွင် အသားအရေ လုံး၀ မရှိတော့သလောက် အရိုးဂေါက်ဂက်၊ မျက်လုံးဟောက်ပက်၊ နှာတံက ပိပိပြားပြား၊ နှုတ်ခမ်းနှစ်လွှာမှာ အသား လုံး၀မရှိဘဲ ချွန်ထက်ထက် သွားတန်းကြီးတွေက ရှေ့ဆီသို့ ငေါထွက်နေသည်။

ပြောမည်ဆိုလျှင်…

အရိုးခေါင်းတစ်ခုကို ဆံပင်ဖုံးအုပ်ထားသည့်အတိုင်း ဖြစ်နေသည်။

အမျိုးသမီးခမျာ မြင်တွေ့လိုက်ရသည့် မြင်ကွင်း

ကြောင့် ကိုယ့်ကိုယ်ကို သတိလစ်မသွားအောင် မနည်းကြီး ထိန်းသိမ်းပြီးနောက် ပြန်လှည့်ပြေးခဲ့မိသည်။ လမ်းတွင် မှုခင်းတစ်ခုနှင့် သွားရောက်စုံစမ်း၍ ပြန်လာသည့် ကိုသန်းဇော်တို့နှင့်တိုးပြီး သည့်အကြောင်းတွေကို အမျိုးသမီးက ခရေစေ့တွင်းကျ ပြန်ပြောပြလိုက်သည့်နောက်…

"အဲဒီအိမ်နက်ကြီးက ကိုစည်သူနဲ့ မခင်စိုးမြင့်တို့ရဲ့ အိမ်ပဲ။ သူတို့ လက်ထပ်ပြီး မြို့ကို ထွက်သွားတာ သုံးနှစ်လောက်ရှိပြီ။ ကိုစည်သူက ဒီကို တစ်နှစ်တစ်ခေါက်တော့ ပြန်လာတတ်တယ်။ သူက ကုမ္ပဏီထောင်ထားတာဆိုတော့ ဒီမှာရှိနေတဲ့ လုပ်ငန်းရှင်တစ်ဦးနဲ့ လာပြီးတွေ့တာပဲ။ အဲဒီအိမ်မှာ အစောင့်လင်မယားတော့ ရှိတယ်။ ဒါပေမယ့် ခက်တာက ဒီအစောင့်လင်မယားက ဒီမှာ သိပ်ပြီးနေတာမဟုတ်ဘူး။ တစ်ခါတလေမှ လာတာ။ အရင်တုန်းကတော့ ဒီလိုအဖြစ်မျိုးတွေ မကြားမိခဲ့ဘူး။ အခုမှ ဒီလိုပြဿနာတွေ ဝင်လာတာ။ ဟိုတစ်လောကလည်း အမျိုးသမီးတစ်ယောက် အဲဒီအိမ်ကြီးနားကနေ ညဘက်ကြီး ပြတ်လွှောက်သွားမိရာ ဒီက ညီမ

လို့ပဲ အရိုးမျက်နှာနဲ့ မိန်းမတစ်ယောက်ကို တွေ့လိုက်ရလို့ သွေးတက်ပြီး ပြေးသွားလို့ ဆေးရုံတောင် တင်လိုက်ရတယ်လေ။ အင်း…ဒီအိမ်နက်ကြီးမှာ ဘာမကောင်းဆိုးဝါးတွေ တွယ်ကပ်နေပြီလဲတော့ မသိဘူး။ တစ်ခုခုတော့ တစ်ခုခုပဲ"

သည်အကြောင်းတွေကို ကိုသန်းဇော်က ကိုသူတော်အား အကြောင်းစုံ ပြန်ပြောပြခဲ့ပါ၏။

ထိုအိမ်နက်ကြီးတွင် မကောင်းဆိုးဝါးတစ်ကောင်ကောင် တွယ်ငြိနေပြီဆိုသည့်အဖြစ်ကတော့ ယုံမှားသံသယရှိနေစရာ မလိုပါပေ။

ထိုနှယ်ပင်…

ကိုသူတော်က မှတ်ချက်ချပြီး ကိုမျိုးဇော်အား ပြန်ပြောပြခဲ့၏။

"ကိုသူတော် ဘာတွေများ ဒီလောက် စဉ်းစားနေတာလဲဗျ။ ကျွန်တော် ခေါ်နေတာတောင် မကြားတော့ဘူးလား။ ဟင်း…ဟင်း"

ကိုမျိုးဇော်၏အသံကို ကြားလိုက်ရတော့မှပင်

မြင့်မဟာတောအုပ်ထဲမှ အိမ်နက်ကြီးနှင့်စပ်လျဉ်း၍ အတွေး လွန်နေသည့် ကိုသူတော်၏အတွေးစိတ်တို့ ပြတ်တောက်သွား ပြီး လက်ငင်းပစ္စက္ခအခြေအနေဆီသို့ စိတ်က ပြန်လည် ရောက်ရှိလာတော့၏။

“အေးဗျာ…ခင်ဗျားဆီက မြင့်မဟာတောအုပ် ဆိုတာ ကြားလိုက်တာနဲ့ ခင်ဗျား တစ်ခါက ပြောဖူးတဲ့ အမျိုးသမီးတစ်ယောက်ရဲ့ အဖြစ်အပျက်လေးကို သတိရပြီး ပြန်တွေးနေမိတာပါ”

ကိုမျိုးဇော်က ခေါင်းတစ်ချက် ညိတ်လိုက်လျက်–

“အင်း…အခုလည်း အဲဒီတုန်းက အမျိုးသမီး ကြုံတွေ့ခဲ့ရတဲ့အဖြစ်မျိုးပဲ ထပ်ဖြစ်ခဲ့တာပဲ ထင်ပါရဲ့။ ကဲပါ စောစောတုန်းက ဇာတ်လမ်းကို ပြန်ပြီးဆက်ရအောင်။ အဲ… ဂိမ်းကစားတဲ့အဆင့်အထိကို ဇာတ်လမ်းက ရောက်သွားပြီ နော်။ သူတို့ကစားတဲ့ဂိမ်းက ဒီလိုဗျ…အလှည့်ကျတဲ့ စုံတွဲ က တူတူပုန်းတမ်း ကစားရမယ်။ တကယ်လို့ ပုန်းနေတဲ့လူ ကို လိုက်ရှာတဲ့လူက မိသွားလို့ရှိရင် မိသွားတဲ့လူကို အမိခံရ

တဲ့လူက အခါတစ်ရာ နမ်းရမှာတဲ့ဗျာ။ အဲ…ဆိုပါတော့။ အလှည့်ကျသွားတဲ့ ဖိုးသူနဲ့ရွှေစင်တို့အတွဲက ပုန်းတမ်းဝှက်တမ်း စပြီးကစားတော့တာပေါ့။ သူတို့ကစားတဲ့အချိန်က ညပိုင်းကို ရောက်နေပြီ။ ပတ်ပန်းကျင်တစ်ခုလုံးလည်း မှောင်လို့ညည်းလို့ပေါ့။ ကိုသူတော် သိတဲ့အတိုင်းပဲ။ မြိုင်မဟာတောအုပ်ထဲမှာက လူက သိပ်မနေတော့ အိမ်ခြေကလည်း သိပ်မရှိတော့ အလင်းရောင်လည်း မရှိဘူးပေါ့ဗျာ။ ဖြစ်ချင်တော့ ဖိုးသူက ပုန်းနေတဲ့ ရွှေစင်ကို ရှာတွေ့သွားတယ်။ ဖြူစင်က အဖမ်းမခံဘဲ အမှောင်ထဲကို ထွက်ပြေးတယ်။ အိမ်နက်ကြီးဘက်ကို ရောက်သွားပြီး ဖြူစင် ပျောက်ကွယ်တယ်။ ဖိုးသူလည်း ခေါင်းကို အရိုက်ခံလိုက်ရပြီး သတိလစ်သွားတယ်”

ကိုမျိုးဇော်က စကားကို အဆုံးမသတ်သေးဘဲ ရေနွေးကြမ်း ငုံ့သောက်နေပြန်သည်။

“နို့…သူတို့ကို ပြန်တွေ့သလား”

ကိုသူတော်က စိတ်မရှည်တော့သလို စကား

ဝင်ထောက်ပေးလိုက်တော့မှပင် ကိုသန်းဇော်က ရေနွေးကြမ်းပန်းကန်ကို ချပြီး စကားပြန်ဆက်သည်။

"သူ့အပေါင်းအပေါင်းတွေက သူတို့နှစ်ယောက်ပျောက်နေလို့ လိုက်ရှာလိုက်ကြတော့ အိမ်နက်ကြီးနားမှာနှစ်ယောက်စလုံးကို ပြန်တွေ့တယ်။ မိုးသူကတော့ သတိလစ်နေတာပေါ့လေ။ ဖြူစင်ကတော့ သတိမလစ်ဘူး။ ဒါပေမယ့်အိမ်နက်ကြီးရဲ့အိမ်ရှေ့က အုတ်ခုံမှာ ထိုင်ပြီး တောင်စင်ရေမရ စကားတွေ လျှောက်ပြောနေတော့တာပဲတဲ့။ သူပြောတဲ့စကားတွေထဲမှာ အများအားဖြင့်တော့ အချစ်နဲ့ပတ်သက်တာတွေ၊ လူတစ်ယောက်အပေါ်မှာ အရမ်းကိုချစ်ပြီး တခြားလူနောက်ကို ပါသွားတာကို မကျေနပ်တဲ့အကြောင်းတွေ၊ပြီးတော့ ဒီအိမ်နက်ကြီးရဲ့အနားကို ဘယ်မိန်းမမှ မလာစေချင်တဲ့အကြောင်းတွေ အများကြီးပါတယ်တဲ့။ သူတို့ရဲ့အပေါင်းအသင်းတွေက သူတို့နှစ်ယောက်စလုံးကို ကိုယ်ပိုင်ဆေးခန်းတစ်ခုကို ပို့ထားပြီး ကျုပ်တို့ လာအကြောင်းကြားပြီး တိုင်ချက်လာဖွင့်တော့တာပဲ"

"ခင်ဗျား သူတို့ကို သွားပြီးတွေ့ပြီးပြီလား"

ကိုသူတော်၏အမေးကို ကိုမျိုးဇော်က ဦးခေါင်းညိတ်ပြလျက်-

"အင်း…တွေ့ပြီးပြီ။ မိုးသူက ကြောင်တိကြောင်တောင်ဖြစ်နေပြီး ဘာစကားတစ်ခွန်းမှ မေးလို့မရဘူး။ အဲ…ဖြူစင်ကတော့ စိတ်ဖောက်ပြန်နေတဲ့အတိုင်းပဲ။ တွေ့သမျှမိန်းမမှန်သမျှကို သတ်မယ်ဖြတ်မယ်ချည်းပဲ ကျိန်းဝါးနေလို့ သူ့ကို မှန်လုံအခန်းတစ်ခန်းထဲ ထည့်ထားပြီး လက်တွေ၊ ခြေတွေကို ကြိုးနဲ့ တုပ်ထားရတယ်။ အဲဒါနဲ့တောင် သူက ဖွတ်အတင်းရုန်းကန်နေပြီး တွေ့သမျှမိန်းမတွေကို မဖြစ်ဖြစ်တဲ့နည်းနဲ့ သတ်မယ်ဖြတ်မယ်ချည်းပဲ ကြုံးဝါးနေတော့တာပဲဗျား"

ကြည့်ရပုံမှာ…

ရွှေစင်သည် အိမ်နက်ကြီးနားသို့ ရောက်ရှိသွားပြီးနောက် သူ့ကိုယ်ခန္ဓာတွင် မကောင်းဆိုးဝါး အရိပ်မျိုးကြီးတစ်ခုခုက ဝင်ရောက် ပူးကပ် မှီတွယ်ပုံရသည်။ ခန္ဓာကိုယ်

က ဖြူစင့်ခန့်ချောကိုယ်ဖြစ်သော်လည်း အတွင်းစိတ်ကတော့ မကောင်းဆိုးဝါးတစ်ကောင်ကောင်၏ ဖမ်းစားဆုပ်ကိုင်ထားခြင်းကို ခံနေရပုံပေါ်သည်။

"အင်း…ဒီပုံစံအတိုင်းဆိုရင်တော့ အဲဒီအိမ်နက်ကြီးထဲမှာ ဒါမှမဟုတ် အဲဒီအနီးအနားတစ်ဝိုက်မှာ မကျွတ်မလွတ်သေးတဲ့ ဝိညာဉ်တို့၊ သရဲတို့ ရှိနေပြီနဲ့တူတယ်။ အဲဒီသရဲမကပဲ လာသမျှလူတွေကို အဲ…လူတွေကို မဟုတ်ဘူး။ မိန်းမတွေကိုချည်းပဲ ရွေးရွေးပြီး ခြောက်လှန့်နေတာဖြစ်လိမ့်မယ်။ ဒီသရဲမကို ကြည့်ရတာ အကြောင်းကိစ္စတစ်ခုခုကြောင့် မိန်းမတွေကို အရမ်းနာနာကြည်းကြည်းနဲ့ မုန်းတီးနေပုံရတယ်။ ကျုပ်တွေးတာ မဖြစ်နိုင်ဘူးလား ကိုမျိုးဇော်"

ကိုသူတော်က တွေးတွေးဆဆ ပြောရင်း ကိုမျိုးဇော်အား အကြံဉာဏ်တောင်းခံသလို လှမ်း၍မေးလိုက်သည်။

ကိုမျိုးဇော်က ဦးခေါင်းကို မသိမသာ ညိတ်ပြလိုက်လျက်-

"ကိုသူတော်ပြောတာ ဖြစ်နိုင်ပါတယ်။ ဘာပဲဖြစ်ဖြစ်

ကိုသူတော် ဒီကိစ္စကို စိတ်ဝင်စားတယ်ဆိုရင် ဟိုလူ နှစ်ယောက်ကို ဆေးရုံလိုက်ကြည့်လိုက်ပါလား"

"အင်း…ကျုပ်က ဒါမျိုးဆိုရင် သိပ်ကို စိတ်ဝင်စား တာဆိုတော့ ခင်ဗျားတို့နဲ့ အတူတူ လိုက်ပြီးကြည့်ရတော့မှာ ပေါ့ဗျာ"

"ကဲ…ဒီလိုဆိုလည်း ကျုပ်တို့ သွားကြစို့။ အပြင်မှာ ကားပါလာတယ်။ ကျုပ်တို့ရဲ့ကားနဲ့ပဲ သွားလိုက်ကြတာ ပေါ့"

ပြောပြောဆိုဆို ကိုသန်းဇော်သည် ထိုင်ရာမှ ထရပ် လိုက်ပါ၏။ ကိုသူတော်နှင့် ကိုထူးမောင်တို့လည်း ထရပ် လိုက်ကြပါ၏။

သူတို့ ကိုသူတော်၏အိမ်ဂေဟာကနေ ထွက်လာတော့ အချိန်က မနက် ကိုးနာရီတိတိ ရှိနေပြီဖြစ်သည်

မြင်ရတွေ့ရသည်မှာ စိတ်မသက်သာစရာ ကောင်း လွန်းလှပါ၏။

ဖိုးသူဆိုသည့် အမျိုးသားငယ်မှာ အသက် ၂၅ ကျော်

တစ်နှစ်စွန်း နှစ်နှစ်ခွန်းလောက်ပဲ ရှိမည်။

ခုလို ရဲက လူချောလူလှ လူရေသန့်တစ်ယောက်ဖြစ် ဆိုသော်လည်း လောလောဆယ်မှာတော့ သူ့ပုံစံက ညှင်းသိုး သိုး ဖြစ်နေသည်။ မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးငုတ်တို့နှင့် မျက်နှာမှာ ချွေးအလိမ်းလိမ်းနှင့်။ ဦးခေါင်းထက်ရှိ ဆံပင်တို့ ကလည်း ဖွာရရာကျဲပြီး ရှုပ်ထွေးပွေလိမ်နေသည်။

ပြီးတော့ . . .

ဝတ်ထားသည့်အဝတ်အစားတို့ကိုလည်း ကြည့်ဦး။

နဂိုက တောက်တောက်ပြောင်ပြောင်နှင့် သစ်လွင် မည့်ဟန်ရှိသည့် အင်္ကျီအဖြူနှင့် ပုဆိုးအနက်ကွက်တို့မှာ ယခု တော့လည်း ဖုတ်အလူးလူး၊ သဲအလိမ်းလိမ်း ဖြစ်နေသည်။

လက်တစ်ဖက်က အင်္ကျီလက်ရှည်၊ လက်တစ်ဖက် က အင်္ကျီလက်တို။ ပြီးတော့ ဖုတ်အလူးလူးနှင့်။

"အဲဒါ . . . ဖိုးသူဆိုတာပဲ။ မြင်တဲ့အတိုင်းပဲ သူ့ကို ဒီပုံစံအတိုင်း မြင်တွေ့ခဲ့ရတာပဲ"

ကိုမျိုးဇော်က ခုတင်ပေါ်တွင် ငေါင်စင်းစင်း

ကြောင်စီစီကြီး ထိုင်နေသည့် လူငယ်ထံသို့ မေးငေါ့၍ ပြောသည်။

ဖိုးသူဆိုသည့် လူငယ်ကို ကြည့်ပြီး ကိုသူတော် စိတ်မသက်မသာ ခံစားမိလိုက်ရသည် အမှန်။

ဖိုးသူအား ယင်းသို့ဖြစ်စေလောက်အောင် မည်သို့သော မကောင်းဆိုးဝါးတွေက ဖမ်းယူပြုစားလိုက်လေသည်လည်း မသိပါ။

"အင်း…ကြည့်ရတာ စိတ်မချမ်းသာစရာပဲ။ သူ့ကို ကြည့်ရတာ အင်မတန်ကို ကြောက်စရာ လန့်စရာကောင်းတဲ့ ကိစ္စတစ်ခုခုနဲ့ ရင်ဆိုင်မိလိုက်ပုံရတယ်။ မကောင်းဆိုးဝါး ပယောဂတစ်ခုခုက သူ့ကို စိတ်အနှောင့်အယှက် ပေးထားလိုက်ပုံရတယ်။"

ဖိုးသူကိုကြည့်ပြီး ကိုသူတော်က မှတ်ချက်ပြုမိသည်။

ကိုမျိုးဇော်က ထောက်ခံဟန်ဖြင့် ဦးခေါင်းညိတ်ပြလျက်–

"ဟုတ်တယ်…သူ့ကိုကြည့်ရတာ တော်တော်

ဆိုးဆိုးဝါးဝါး မင်္ဂလာကောင်းဆိုးဝါးတစ်ခုခုကို နဖူးတွေ့ ဒူးတွေ့ ကြုံလိုက်ရတဲ့ပုံစံပဲ"

"သူ့အတွဲ ဖြူစင်ဆိုတာကရော"

"အထဲမှာ ရှိတယ်။ မှန်လုံခန်းထဲကို ပည့်ထား တယ်။ ကဲ...လာ...သွားပြီးကြည့်ရအောင်"

သူတို့ အတွင်းဘက်ပိုင်းဆီသို့ ဆက်၍လျှောက်ခဲ့ကြ သည်။

ဖြူစင့်အား ထည့်ထားသည့် မှန်လုံခန်းရှေ့သို့ ရောက် လာသည်။ ကိုမျိုးဇော်က အခန်းတံခါးကို မဟတဟ ဖွင့်၍ ထင်သာမြင်သာအောင် ပြသည်။

ခုတင်တစ်လုံးပေါ်တွင် အသက်နှစ်ဆယ်ပတ်ဝန်းကျင် လောက်ရှိမည့် မိန်းမပျိုလေးတစ်ယောက် ရှိနေသည်။ ဆံပင် တိုလေးနှင့် ဖြစ်သည်။ မျက်နှာလေးမှာ ပင်ကိုချောမောလှပ မည့်ဟန်ရှိသော်လည်း လောလောဆယ်မှာတော့ အတွင်း စိတ်၏ဝေဒနာကို သည်းသည်းထန်ထန် ခံစားနေရဟန်ဖြင့် မျက်တွင်းများကျနေသည်။ ပါးရိုးများ ချောင်ကျနေသည်။

မျက်လုံးအိမ်၏အောက်တွင် မျက်ရည်စီးကြောင်းများ မြင်တွေ့နေရသည်။ ဝတ်စားထားသည့် အဝတ်အစားအချို့ နေရာတို့တွင် စုတ်ပြဲပေါက်ထွက်နေသည်။

ဖြူစင့်လက်နှစ်ဖက်ကို ခုံတင်ခေါင်းရင်းတိုင်တွင် ကြိုးဖြင့်ချည်နှောင်ထားသည်။ ခြေထောက်နှစ်ဖက်ကိုလည်း ခုတင်ခြေရင်းတိုင်တွင် တုပ်နှောင်ထားသည်။

သူတို့သုံးယောက်ကို မြင်တွေ့သည်နှင့် ဖြူစင်သည် ခြေတွေ၊ လက်တွေ လှုပ်ရှားလာပြီး ရှုန်းကန်တွန်းထိုးလျက် နှုတ်မှလည်း အသံကျယ်ကြီးဖြင့် -

"သွားကြ…သွားကြ…နင်တို့အားလုံး သွားကြ၊ နင်တို့က နင်တို့မိန်းမတွေနဲ့ပဲ ပျော်နေကြ၊ ငါ့ကို ရှိလေတဲ့ မိန်းမရယ်လို့ ထင်ကြတာမဟုတ်ဘူး။ အဲဒါကြောင့် နင်တို့ အားလုံးကို ငါ မုန်းတယ်။ နင်တို့ရဲ့မိန်းမတွေကို ပိုပြီး မုန်း တယ်။ ဘယ်မိန်းမမှ ငါ့ရှေ့ကို မလာစေနဲ့။ လာရင်တော့ ငါ့လက်ချက်စာမိပြီသာ မှတ်ပေတော့၊ ငါ့ကို ဘာမှတ်နေ သလဲ။ ကေသီသွေးတဲ့…တစ်သွေးတည်းရှိတယ်။ ဟင်း…

ဟိန်းတောက်ထွန်းစာပေ

ဟင်း…ဟင်း''

ကိုသူတော် မျက်မှောင်ကိုသာ ကြုတ်လိုက်မိတော့သည်။

ဖြူစင် ခံစားနေရသည့် စိတ်ဝေဒနာအခြေအနေကို လည်း အနည်းအကျဉ်း ခန့်မှန်းရိပ်စားလိုက်သလိုလည်း ရှိသည်။

''ခင်ဗျား ကြားလိုက်တယ်မဟုတ်လား။ သူ့ကိုယ်သူ ကေသီသွေးလို့ ခေါ်သွားတာကိုလေ''

''အင်းလေ…ကျွန်တော် ကြားသားပဲ၊ သူ့မှာမည် နှစ်မျိုးရှိနေလို့ ဖြစ်ချင်ဖြစ်နေမှာပေါ့''

ကိုမျိုးဇော်၏အပြောကို ကိုသူတော်က ဦးခေါင်းကို လေးလေးတွဲ့တွဲ့ကြီး ယမ်းခါပြလိုက်လျက်-

''မဟုတ်သေးဘူး ကိုသန်းဇော်…ရိုးရိုးသာမန် လူစိမ်းတစ်ယောက်အနေနဲ့ကတော့ ခင်ဗျား တွေးသလို တွေးမှာပဲ။ ဒါပေမယ့် ကျုပ်တို့ကတော့ ခင်ဗျားတို့တွေးသလို မတွေးဘူး။ ရှင်းရှင်းပြောရရင် အခုကိစ္စက သိပ်မရိုးသား

ဘူး။ အိမ်နက်ကြီးနဲ့ပတ်သက်တဲ့ အနှောင့်ပယောဂ မကောင်းဆိုးဝါးတစ်ကောင်ကောင်က သူ့ခန္ဓာကိုယ်ထဲမှာ ဝင်ပြီးပူးကပ်နေတာပဲ။ ဒါကြောင့် သူ အခုလိုဖြစ်နေတာ။ မကြည်တာတွေ ထုတ်ပြောနေတာ။ အဲဒါကို ခင်ဗျားတို့ သဘောပေါက်နားလည်ဖို့ ကောင်းတယ်"

ကိုသူတော်က အတွေ့အကြုံအရ အတိုချုံး၍ ပြောလိုက်သည့်နောက် ကိုမျိုးဇော်သည် တစ်စုံတစ်ရာကို စဉ်းစားတွေဝေနေသလို ငြိမ်သက်နေသည်။

"ကျုပ် ပြောတာကို ယုံစမ်းပါ၊ ဒီဖြူစင်ဆိုတဲ့ မိန်းကလေးမှာ စုမွန်ဆိုတဲ့ ဝိညာဉ်သရဲက ပူးကပ်နေ တာ။ ဒါကြောင့် သူ့ကိုယ်သူ ဖြူစင်ဆိုတာ ပျောက်သွားပြီး စုမွန် ဖြစ်နေတာ။ ဖြစ်နိုင်ရင် သူတို့ ပြဿနာဖြစ်ခဲ့ တဲ့နေရာတစ်ဝိုက်ကို သွားပြီးကြည့်ချင်တယ်ဗျာ။ ဘယ့်နှယ် လဲ...သွားပြီးကြည့်ကြမလား"

ကိုသူတော် မေးလိုက်သည်ကို အဖြေမပေးသေးဘဲ ကိုမျိုးဇော်က အကြံဉာဏ်ကောင်းခံသလို ကိုထူးမောင်ကို

လှမ်းကြည့်သည်။ ကိုထူးမောင်က ဦးခေါင်းကို မသိမသာ ညိတ်ပြသည်။

"ကဲ…ကိုသူတော်…ခင်ဗျားပြောတဲ့အတိုင်းပဲ အဲဒီ နေရာကို သွားပြီးလေ့လာကြည့်လိုက်ကြတာပေါ့"

ထို့နှင့်…

သူတို့သုံးယောက်သည် ကိုယ်ပိုင်ဆေးရုံကနေ ဖယ်ခွာခဲ့ကြသည်။ မြို့မဟာတောအုပ်ထဲရှိ အိမ်နက်ကြီး ရှိရာဆီသို့ ဦးတည်ခဲ့ကြသည်။

"အများအားဖြင့် အစွဲအလမ်း သိပ်ကြီးတဲ့လူတွေဟာ သေသွားလို့ရှိရင်လည်း မကျွတ်မလွတ်သေးဘဲ သူတို့ဝိညာဉ် တွေက သူတို့ အစွဲအလမ်းဖြစ်နေတဲ့ နေရာတစ်ဝိုက်နားမှာပဲ တဝဲလည်လည် ရှိနေတတ်ပြီး နီးစပ်တဲ့ လူတစ်ယောက် ယောက်ရဲ့ ခန္ဓာကိုယ်ကို အငှားမြှောင်တတ်တယ်။ အခု လည်း ဒီအတိုင်းပဲ၊ စုမွန်အောင်ဆိုတဲ့ ဝိညာဉ်က ဖြူစင်ရဲ့ ခန္ဓာကိုယ်ထဲမှာ တွယ်ကပ်နေလို့ ဖြူစင်ဆိုတာက ပျောက် သွားတာ ဖြစ်လိမ့်မယ်။ အင်း…ကျုပ်ရဲ့စိတ်အထင်ကို ပြော

ရရင်တော့ အခု ကျူပ်တို့သွားမယ့် မြိုင်မဟာတောအုပ်ကြီး ထဲက အိမ်နက်ကြီးနဲ့ ဒ စုမွန်အောင်ဆိုတဲ့ မကောင်းဆိုးဝါး ဟာ တစ်နည်းနည်းနဲ့ အဆက်အစပ်ရှိလိမ့်မယ်လို့ ထင်တာ ပဲဗျ"

ကိုသူတော်က သူ ဉာဏ်မီသလောက် ဆက်စပ်ပြီး ပြောလိုက်သည်။

ကိုသန်းဇော်ကတော့ ဘာမှမပြောဘဲ အသာငြိမ်နေ သည်။

ကိုသူတော်က စကားဆက်ပြောခဲ့ပါ၏။

"ဝိညာဉ်ဆိုတာမျိုးက ခန္ဓာတစ်ခုခု မရခင်မှာ တွေ့ တဲ့လူကို ပူးကပ်လိုက်တာပဲ။ အဲဒီမှာ သရဲဆိုတာ ဖြစ်လာ တာပဲ။ အခု လည်း စုမွန်အောင်ဆို အမျိုးသမီးလား၊ မိန်းကလေးလားတော့ မသိဘူးပေါ့လေ။ အစွဲအလမ်းစိတ် တစ်ခုကြောင့်နဲ့ သူ့ဝိညာဉ်ဟာ အိမ်နက်ကြီးရဲ့အနီးတစ်ဝိုက် မှာ မှီတွယ်နေပြီး သူ့စိတ်ထဲက မကျေနပ်တာတွေကို လူတွေ ကို ခြောက်လှန့်ပြီး ထုတ်ပြနေတာပဲ။ အထူးသဖြင့် သူဟာ

မိန်းမတွေကို အကြောင်းတစ်ခုခုကြောင့် အရမ်းကို မုန်းနေပုံရတယ်။ ခင်ဗျားပဲ စဉ်းစားကြည့်လေ။ အခြောက်အလှန့်ခံလိုက်ရတဲ့လူကလည်း မိန်းမ၊ အပူးခံရတဲ့လူကလည်း မိန်းမ။ ပြီးတော့ အပူးခံရတဲ့ ဖြူစင်ဆိုတဲ့ မိန်းကလေးရဲ့ ပါးစပ်ကနေ မကျေမနပ်နဲ့ ပြောတဲ့အထဲမှာလည်း မိန်းမတွေကိုပဲ အရမ်းမုန်းနေတယ်ဆိုတဲ့ အဓိပ္ပာယ်တွေ ပါနေတယ်လေ"

ကိုသူတော် ပြောသွားသမျှ အကြောင်းအချက်အလက်တို့က အများဆုံး ဖြစ်နိုင်သည်မို့ ကိုသန်းဇော်ရောကိုထူးမောင်ပါ မည်သည့်ထင်မြင်ချက်မျှ မပေးဘဲ အသာငြိမ်နေခဲ့ကြသည်။

မြိုင်မဟာတောအုပ်ထဲသို့ ရောက်လာသည်။

အိမ်နက်ကြီးနှင့် မလှမ်းမကမ်းသို့အရောက်တွင် ကားကိုရပ်ပြီး သူတို့သုံးယောက် အောက်သို့ဆင်းလိုက်ကြသည်။

ကိုသူတော်က ရှေ့ကနေ ဦးဆောင်၍ အိမ်နက်ကြီး

ဘက်ဆီသို့ ဦးတည်လျှောက်သွားသည်။ ကိုမျိုးဇော်နှင့် ကိုထူးမောင်တို့က နောက်ကနေ လိုက်ပါသွားကြသည်။

ကိုသူတော်သည် အိမ်နက်ကြီးနှင့် မလှမ်းမကမ်းသို့ အရောက်တွင် မြေပြင်ပေါ် ပုဆစ်တုပ်ထိုင်၍ တစ်စုံတစ်ခုကို ကောက်ယူလိုက်သည်။ ကိုသူတော် ကောက်ယူလိုက်သည့် အရာဝတ္ထုမှာ မိန်းကလေးစီး ဖိနပ်တစ်ဖက် ဖြစ်နေသည်။

"ဖြူစင်ဆိုတဲ့ မိန်းကလေးရဲ့ ဖိနပ်ထင်တယ်။ ဒီမိန်းကလေး ပြေးတာ ဒီနေရာအရောက်မှာ ခရီးဆုံးသွားတယ်နဲ့တူတယ်။ စုမွန်အောင်ဆိုတဲ့ သရဲမ ဝင်ပူးတာလည်း ဒီနေရာမှာပဲ ဖြစ်လိမ့်မယ်။ ဘာပဲဖြစ်ဖြစ် ဒီကေသီဖွေး ဆိုတဲ့ ဝိညာဉ်သရဲမက ဘယ်ကနေစပြီး အစပြုလာတယ် ဆိုတာကို ကျုပ်တို့ သိဖို့တော့ လိုလိမ့်မယ်"

"အဲသလိုသိလို့ ဆရာ ဘာများအကြောင်းထူးသွားမှာမို့လို့လဲ"

ထိုမေးခွန်းကို ထုတ်ခဲ့သူက ကိုထူးမောင် ဖြစ်သည်။

"သိပ်ကို ထူးတာပေါ့ဗျာ...ဒါမှလည်း သူ့ကို

ကျုပ်တို့ ဘယ်လိုနည်းနဲ့ ဖယ်ထုတ်ပစ်ရမယ်ဆိုတာကို သိလာရမှာပေါ့။ အရေးကြီးတာက သူ့ရဲ့ဇာစ်မြစ်ပဲ။ ပြီးတော့ သူ ဘယ်နေရာမှာ သေဆုံးသွားတယ်ဆိုတာကိုလည်း သိဖို့လိုတယ်လေ"

ထိုစဉ်မှာပင်...

ကိုမျိုးဇော်၏ ခါးကြားတွင် ညှပ်ထားသော လက်ကိုင်ဖုန်းဆီမှ အသံပေးလာသည်။

"ခဏနော်"

ကိုမျိုးဇော်က ခွင့်ပန်ပြီး မလှမ်းမကမ်းသို့ ထွက်သွားပြီး တယ်လီဖုန်း ပြောနေသည်။

သိပ်မကြာလိုက်...

သူတို့နားသို့ ပြန်ရောက်လာသည်။ မျက်စိမျက်နှာ အပျက်ပျက် အယွင်းယွင်းနှင့် သူတို့အား သတင်းဆိုးတစ်ခုကို ပေးလာသည်။

"ဆေးရုံမှာ ဖြူစင် ဆုံးသွားပြီတဲ့ဗျာ"

ကိုသူတော်သည် ဟူးကနဲနေအောင်ပင် လေပူတွေကို

မှုတ်ထုတ်လိုက်ပြီး ဦးခေါင်းကို ယမ်းခါလိုက်မိတော့သည်။

ကေသီထွေးဆိုသည့် သရဲမသည် အပြစ်မဲ့သည့် ဖြူစင်ဆိုသော မိန်းကလေး၏အသက်ကို နုတ်ချွေယူကာ အားလုံးကို ပညာပြသွားလိုက်မှန်း သိနားလည်လိုက်မိသည်။ ကေသီထွေးဆိုသည့် ထိုသရဲမသည် နောက်ထပ် လူမည်မျှ ထပ်၍ အသက်ချွေဦးမည် မသိပါ။

"ဒီတစ်ခါတော့ ဒီမကောင်းဆိုးဝါးမက လက်ဦး သွားပြီပေါ့ဗျာ။ ဒီပုံစံအတိုင်းဆိုရင် ဒီမကောင်းဆိုးဝါးမ ကတော့ ဆက်ပြီး ရှုပ်နေဦးမှာ သေချာတယ်။ ဒီကိစ္စကို အမြန်ဆုံး ရှင်းနိုင်ရင်ရှင်း၊ အဲသလိုမှမဟုတ်ရင်တော့ ခင်ဗျား တို့ရဲ့စခန်းမှာ အမှုတွေ ထပ်ပြီးတိုးနေဦးမှာပဲ။ တရားခံ ရှာမတွေ့တဲ့အမှုတွေပေါ့ဗျာ"

ကိုသူတော်၏စကားကြောင့် ကိုမျိုးဇော်ခမှာ စိတ်မာတ်အကြီးကျယ် ကျသွားပုံရသည်။ ချက်ချင်း လက်ငင်းပင် မျက်နှာကြီးမှာ ရှုံ့ကျသွားလျက်–

"အဲဒီတော့ ကျုပ်တို့ဘက်က ဘာဆက်လုပ်ရမှာလဲ"

"စုံစမ်းစရာရှိတာလည်း စုံစမ်းပေါ့ဗျာ။ ကျုပ်က လည်း ခင်ဗျားတို့ကို တတ်နိုင်တဲ့ဘက်က အကူအညီပေးမှာ ပါ၊ ဟုတ်ပြီလား…ကဲ…ကျုပ်တို့ သွားကြရအောင်"

ကိုသူတော်က အားပေးစကားဆိုရင်း ထိုနေရာကနေ ဖယ်ခွာခဲ့သည်။

အပြန်လမ်းခရီးမှာတော့ သူတို့သုံးယောက်စလုံး စကားမပြောဖြစ်ကြတော့။ အတွေးကိုယ်စီဖြင့် အသာငြိမ်၍ လိုက်ပါလာခဲ့ကြသည်။

* * *

# ဝိညာဉ်အောင်သံလား

အချိန်မှာ ၁၉၂၄ ခုနှစ်ရဲ့ နွေဆောင်းသမယလေးပါ။ ကျွန်မ တို့ မိသားစုဟာ 'ယူတာ့ဟ်' မြို့မှာ မြင်းတွေနွားတွေ မွေးမြူရေး လုပ်ငန်းနဲ့ဘဝကို တည်ဆောက်နေကြသူတွေပါ။ ကျွန်မတို့ မိသားစု ဆိုတဲ့အထဲမှာ ကျွန်မ မေမေတော့ မပါဘူး။ ကျွန်မရဲ့ ရင်သွေးသုံးယောက်နဲ့ ခင်ပွန်းပဲ ဖြစ်ပါတယ်။ မေမေကတော့ ကျွန်မတို့မြို့နဲ့ ၁၅မိုင်ဝေးတဲ့ 'ဗီးလ်ပိုး' မြို့က ဆေးရုံပေါ်မှာ

ပျောက် ကင်းဖို့မလွယ်တဲ့ ရောဂါတစ်ခုနဲ့ တက်ရောက်နေခဲ့ပါတယ်။

တစ်နေ့ ကျွန်မက နှင်းသဲသဲထဲမှာမေမေ့နဲ့ပက်သက်ပြီး အပူစိတ်နှင့် ခရီးထွက်ခွာဖို့ပြင်တယ်။ ကျွန်မတို့ ခရီးထွက်ရတယ် ဆိုတာ မြို့ကြီးတွေမှာလို ကားနဲ့မဟုတ်ဘူးပေါ့။ အိမ်မှာရှိတဲ့ မြင်းတစ်ကောင်ကို လှည်းမှာတပ်ပြီး မောင်းနှင်

ရတာမျိုးပါ။

အဲဒီနေ့က ကျွန်မ ခင်ပွန်းကမေးလာတော့ ကျွန်မက သာမန် အဖြေစကားပဲ ပေးလိုက်တယ်။

"ဘယ်မြင်းရမှာလဲ အိုးလ်ကားလ်လေ"

"အိုကွယ် ဒီကောင်ကြီးအစား တစ်ခြားတစ်ကောင် ယူသွားပါလား။ အိုးလ်ကားလ်ကြီးက ခုတလော သောင်းကျန်း ချင်နေတယ်။

တွေ့သမျှခုန်ကန်ချင်တဲ့ အရိပ်အရောင်တွေပြနေတယ်။ မတော်လို့ မင်းရဲ့ခေါင်းကို ကန်လိုက်မိလို့

ဖက်ပြုတ်နေ မယ်''

''မပုပါနဲ့မောင်ရယ် ခင်နဲ့ တစ်သက်လုံး အတူတူနေလာခဲ့တာပါ။ ဒီမြင်းကြီးက ခင့်ပေါ်လဲ ခင်မင်ပြီးသားပါ''

မှန်ပါတယ် ကျွန်မဟာ မြင်းတွေနဲ့ ယဉ်ပါးစွာ နေထိုင်လာခဲ့တဲ့ အချိန်မှာ အဲဒီအိုးလ်ကားလ်ဆိုတဲ့ မြင်းနက်ကြီးနဲ့ သွားရ လာရတာကို သဘောကျမိတယ်။ ဒေါက်ကောင်းတယ်၊ အပြေးလျှင်တယ်၊ ဇမမေ့ဆီသွားရမယ့် ဖီးလ်မိုးမြို့ဆိုတာက လည်း ၁၅ မိုင်သာသာလောက် ဝေးနေတော့ အိုးလ်ကားလ်နဲ့ပဲ ကိုက်ပါတယ်။

ကျွန်မတို့ ခရီးထွက်ရမယ့်နေ့ကလည်း ခရစ္စမတ်နာတာ လူး ပွဲတော်နေ့ ဖြစ်တော့ သားတွေကလည်း လိုက်ချင်ကြတယ်။ လူနာကြည့်ဖို့ထက် ကလေးသဘာဝ ခရစ္စမတ်ကာလလေးရဲ့ အလှအပတွေပေါ် ငေးမောချင်တာ ပိုပါမယ်ထင်တယ်။

ကျွန်မခင်ပွန်းလည်း ကျွန်မကို ဟန့်တားတဲ့ကိစ္စလက် လျှော့လိုက်တယ်။ ဒီလိုနဲ့ အိုးလ်ကားလ်ကို

လှည်းလုံးလေးမှာ တင်ပြီး ထွက်ခဲ့ပါတယ်။ ကျွန်မအဖို့က လည်း မေမေ့ဝေဒနာပေါ် အလွန်အမင်း စိုးရိမ်ကဲနေတာက တစ်ကြောင်း၊ တစ်နေ့တစ်နေ့ မွေးမြူဖရေးအလုပ်တွေ နှိုညှစ်ရောင်းတဲ့ အလုပ်တွေကြားက ရုန်းထွက်ချင်နေတာက တစ်ကြောင်းကြောင့် ခရီးထွက်ခဲ့တာပျိုး ပါ။ ခရီးထွက်မိခါမှပဲ နှင်းခါးတွေသဲသဲမဲမဲ ကျရောက်နေတာနဲ့ သွားကြုံပြန်တယ်။

"မေမေရယ် ဘွားဘွားကို နောက်ကျမှပဲ သွားကြည့်ရရင် မကောင်းဘူးလား။ ဒီလို နှင်းတွေသဲသဲကျပြီး ချမ်းတဲ့ကြားကနေ မေမေကိုယ်တိုင်လည်း မြင်းကိုနှင်ရမှာ လွယ်မှမလွယ်တာ"

"သားရယ် ခရီးလည်း တော်တော်ကျိုးနေပြီ။ မေမေ့ စိတ်ထဲမှာလည်း မင်းတို့ရဲ့ ဘွားဘွားအတွက် လုံးဝစိတ်မချနိုင် တော့ဘူး။ ဘယ်လိုပဲဖြစ်ဖြစ် မရောက်ရောက်အောင် သွားရမှာ ပဲကွယ်"

ကောင်လေးတွေရဲ့စိတ်မှာ အပျော်ခရီးလိုခံစားပြီး ထွက် လာကြတာမှန်ပေမယ့် ရွှမ်းတွေလိုတစ်လှားလှား

ကျနေတဲ့နှင်းလွှာ တွေရဲ့ အောက်မှာ ဘယ်လို အလှအပ ကိုမှမမြင်ရတာ ဆိုတော့ စိတ်ပျက်မှာ အမှန်ပဲ။

ကျွန်မကတော့ မိခင်ပေါ်စိတ်မချနိုင်တဲ့ ဇောနဲ့ဆို တော့ ဘာကိုမှ မမှုနိုင်သလိုပဲ ဖြစ်ရတယ်။ စိတ်ထဲမှာ မေမေ့ကိုတွေ့ ချင်တဲ့ စိတ်တစ်ခုတည်းပဲ ရှိနေတယ်။

ဒီလိုနဲ့ ဗီးလ်မိုးမြို့ကို ရောက်သွားပါတယ်။ ဆေးရုံ ရောက်သွားတော့လည်း မေမေ့ကို စိတ်သက်သာစွာ မြင်လိုက် ရပါတယ်။ ကျွန်မတို့ကိုထိုင်ပြီး ပြောဆိုနိုင်နေတယ်၊ ဒါပေမယ့် မေမေ့ရဲ့ ရောဂါဟာ ဒီတစ်သက်ပါသွားမယ့် မပျောက်ကင်း နိုင် မယ့် ရောဂါမျိုးပဲဆိုတာ မေမေလည်းသိ ကျွန်မလည်း သိနေပါ တယ်။

"ဒါနဲ့ သမီးရဲ့ မင်းတို့အခုဘယ်မြင်းကို လှည်းမှာ တပ် မောင်းခဲ့တာလဲ"

"အိုးလ်ကားလ်နဲ့ ပါမေမေ"

"ဟင် ဒီကောင်ကြီးနဲ့ ဟုတ်လား၊ အိုကွယ် တခြားမြင်း ကို ဘာဖြစ်လို့ မစီးလာတာလည်း။ အိုးလ်ကားလ်

လည်း ခုတစ် လော သိပ်ဆိုးနေတာမဟုတ်လား။ မေမေတော့ မင်းတို့ သား အမိကို လုံးဝစိတ်မချနိုင်တော့ဘူး။ ဒီလိုဝေးတဲ့ လမ်းခရီးမှာ ဒီကောင်ကြီးစိတ်တွေ ဖောက်သွားနိုင်တယ်။ ဒီလိုသာဆို လူညီးပါ ကျွမ်းသဒ္ဒါ လှန်းသွားနိုင်တယ်။''

''စိတ်ချစမ်းပါ မေမေရယ် အိုးလ်ကားလ်က သမီးပေါ် စိတ်ရှည်နိုင်ပြီးသားပါ။ သမီးတို့နဲ့ သူငယ်ငယ်လေး တည်းကအတူ နေလာခဲ့တာ မဟုတ်လား။ငယ်မွေးခြံပေါက်ပဲ ဥစ္စာ။ မေမေသာ ရောဂါသက်သာအောင် စိတ်ကိုဖြေပြီးနေ လိုက်ပါ။''

ဘာပဲပြောပြော မေမေကတော့ သူ့ရောဂါထက် ကျွန်မ တို့ရဲ့ လမ်းခရီးအတွက် ပိုစိုးရိမ်နေရှာခဲ့ပါတယ်။ အပြန်ခရီး အတွက် ရတက်မအေးနိုင်တဲ့ ပုံရှာနဲ့တွေမေမေ့ မျက်နှာမှာဖြတ် သန်းပြီး ကျန်ခဲ့တယ်။ နောက်ဆုံးကျွန်မတို့ လည်း ကိုယ့်အိမ်ကိုယ့် ယာကို ဘာခလုတ်ကန်သင်း တစ်ခုမှ မရှိဘဲ ချောချောမောမောနဲ့ ပြန်ရောက်ခဲ့ပါတော့တယ်။

ကျွန်မတို့ အိပ်ပျော်နေတုန်းအချိန် အလန့်တကြား

ဆန်တဲ့ အသံကြီး တစ်ခုကြောင့် အိပ်ရာကနေနိုးသွားခဲ့တယ်။ ကျွန်မသားလေးပါနိုးပြီး ကျွန်မသားက

"ဖေဖေများ အပြင်မှာ တစ်ခုခုဖြစ်နေမလား မသိဘူး မေမေလို့၊ ဒါပေမယ့် ဖေဖေ့အသံက မိန်းမကြီးလိုပဲ" လို့ ကောက် ချက်ချပါတယ်။

ကျွန်မလည်း စိုးရိပ်တကြီးနဲ့ မှန်မီးအိမ်ကို ထွန်းလို့ သားနဲ့အတူ တံခါးဖွင့်ပြီး အပြင်ထွက်ကြည့်တော့လည်း ကလေး တို့ အဖေကိုမမြင်ရဘူး။ အဲဒီအချိန်က နံနက်တစ် ချက် တီးကျော် လေးပဲ ရှိသေးတယ်။ သို့ပေမယ့် မီးအိမ် ကိုကိုင်ဆွဲပြီး လျှောက် လှမ်းလာနေတဲ့ ကျွန်မ ခင်ပွန်းကို မြင်းကြီး 'ဂျူး' ရဲ့ မြင်းဇောင်း ဘက်က ထွက်လာတာ မြင်လိုက်ရတယ်။

"ဟင် မင်းတို့သားအမိ အပြင်ကို ဘာထွက်ပြီး လုပ်နေ ကြတာလဲ"

"စောစောက မောင့်ရဲ့အော်သံကို ခင်တို့သားအမိ ကြား လိုက်ရလို့ စိတ်ပူပြီး ထွက်လာတာလေ။ မောင်ဘာလို့

အော်ခဲ့တာ လဲဟာင်"

"အလိုဗျာ မင်းတို့သားအမိကလည်း ကြားကြားရ ချည်း ရဲ့။ ကိုယ်လဲ ဘာတစ်ခုမှ မအော်မိပါလားကွယ့်"

အဲဒီမှာတွင် သားက ဝင်ပြောတယ်။

ဟုတ်လိမ့်မယ်၊ သားကြားလိုက်တာကတော့ ဖေဖေ့ အသံလို့ မဟုတ်ဘဲ မိန်းမကြီး တစ်ယောက်ယောက်ရဲ့ မင်းတို့ကို စိတ်မချနိုင်တော့ဘူးဟေ့ ဆိုတဲ့အသံမျိုးပဲ

ကျွန်မလည်း အိပ်ချင်မူးတူးနဲ့ နမူးနထိုင်းဖြစ်နေတာ ဆိုတော့ မောင့်အသံပဲ အောက်မေ့တယ်။ သားထောက်ပြတော့မှ ကျွန်မတောင်ဇဝေဇဝါ နဝေနဝါ ဖြစ်သွားရတယ်။

ဒီလိုနဲ့ နောက်တစ်နေ့ မေမေဆုံးတဲ့သတင်းဟာ သဝဏ်လွှာအဖြစ်နဲ့ ကျွန်မတို့ဆီ ဆိုက်ဆိုက်မြိုက်မြိုက်နဲ့ ရောက်လာ ခဲ့ပါတယ်။ နံနက်ဦး တစ်ချက် တီးလောက်က ဆုံးတာပါတဲ့။

ဒီမှာတင် ကျွန်မတွေးမိတယ်၊ သားကလည်း

မိန်းမကြီး တစ်ယောက်ရဲ့ အသံနဲ့ ''မင်းတို့ကို စိတ်မချနိုင်ဘူးဟေ့'' လို့ ကြားရတယ်ဆိုတာ ပြောလာခဲ့တာဆိုတော့ ကျွန်မတို့တစ်တွေ ရုတ်တရက်ကြား လိုက်ရတာဟာ မေမေ့ရဲ့ အစွဲအလမ်းစိတ်နဲ့ ကျွန်မတို့ဆီ ရောက်လာတဲ့အသံ များလားလို့ပေါ့။

တကယ်လည်းကျွန်မဒိုးလ်ဂါးလ်ကို လှည်းမှာတပ် ပြီးစီးလာတယ် ပြောလိုက်တော့ မေမေဟာ ရုတ်တက်မအေး နိုင်အောင်ရှိနေတာ နောက်ဆုံးမြင်လိုက်သားပဲ။

ဪ မေမေ့ရဲ့ နောက်ဆုံး ကွယ်လွန်ခါနီး စွဲလမ်း စိတ်ကြီးဟာ ကျွန်မတို့ဆီ တယ်လီပသီသဘောနဲ့များ ရောက် လာလေသလား။ ဒါမှမဟုတ် မေမေဝိညာဉ်သည်ပဲလားဆို တာ။

*Ref : Call in the hight*

*by Velma Darrity Cloward*

# ဝိညာဉ်ချစ်သူ
# ဂလွဲစား

တောင်ပိုင်းကမ်းခြေဘက်မှ ရွာကြီးတရွာတွင် မုဆိုးမ တစ်ယောက်နှင့် သမီးနှစ်ယောက် ရှိခဲ့ဖူးသည်။ သူတို့သည် ရွာနီးချုပ်စပ်မှ နေအိမ်များနှင့် ကင်းလျက်သီးခြား ကမ္ဘာမှာနေ ထိုင်ကြသလိုပင်ရှိသည်။ တောထူသည့် ချောက်ကမ်းပါး ရှိ သည့်၊ သူတို့ခြံကျယ်ကြီးနှင့် တစ်မိုင်အကွာတွင် ရေတံခွန်ကြီး တစ်ခုက တဟဲဟဲနှင့် ကျဆင်းနေသည်။

သည်လို လူဝေးသူဝေးအရပ်တစ်ခုမှာ နေထိုင်ရသည် မို့လည်း ညီအစ်မနှစ်ယောက်သည် ပို၍စည်းလုံး

ကြသည်။ အေးအေးသည် သူညီမထက် ရုပ်ရည်ပိုလို့ ချောမောမှုရှိသည်။ ဆွဲဆောင်ညှို့ငင်နိုင်သော အလှအပမျိုး ပင် ဖြစ်သည်။ ထို့ကြောင့် ယောကျ်ားသားတို့ ဝိုင်းဝိုင်း လည်နေသည်။

ပို၍ သဲသဲမဲမဲ ကြိုက်နေသူ ယောကျ်ားနှစ်ဦးရှိ သည်။ တစ်ယောက်၏အမည်မှာ ကိုခင်မောင်ဝင်းပင် ဖြစ်သည်။ သူသည် ဘဝကို ကြိုးစားပြီး တည်ဆောက် နေသူလည်းဖြစ်သည်။ ကြိုး စားမှု ကြီးမားသည်။ စိတ်အားတက်ကြွမှု အမြဲရှိသည်။ ထို ကြောင့်မို့ သဲသဲမဲမဲ ကြိုက်နေသူ နှစ်ယောက်အနက် ကိုခင်မောင်ဝင်းသည် အချောအလှပဂေးအေးအေး၏ နှလုံးသားကို စိုးမိုးနိုင်ခွင့် ရသွားခဲ့၏။

သို့ဖြစ်၍ လက်ထပ်ဖို့ စီစဉ်ရမည့်နေ့ရက်သို့ နီးကပ် လာခဲ့လေသည်။ ကိုခင်မောင်ဝင်း ပေါ်မလာသေး။ အေးအေးက စာတစ်စောင် ရေးသားပြီး မိမိတို့၏ ထိမ်းမြားဖို့ကိစ္စကို ကြေညာခိုင်း သည်။ သို့သော်

ကိုခင်မောင်ဝင်း၏ ပြန်ကြားစာကတော့ ရောက် လာခြင်း မရှိပါလေ။

လက်ထက်မည့် နေ့ရက်မတိုင်မီ တစ်ရက်ဖြစ်သည်။ ထိုနေ့ညနေက အေးအေး၏ညီမအငယ်လင်သည် သစ်တောထဲ၌ သ ဖန်းရှက်များကို ထုံးစံအတိုင်း ကောက်နေ၏။ အဲသည် အခိုက် မှာပင် တရှဲရှဲမြည်သံလို သဲ့သဲ့ကြားလိုက်သည်။ အနောက်ဘက်သို့ ဆတ်ကနဲ ခေါင်းလှည့်အကြည့်တွင် သူမ၏ ခဲအိုလောင်း ကိုခင်မောင်ဝင်း၏ လူရိပ်သဏ္ဌာန် လှုပ်ရှားသွားလာခြင်းကို ရိုးတိုးရိပ်တိပ် မြင်လိုက်ရသည်။

သို့သော်...

ဆည်းဆာနေရောင်က ညိုးလျော်နေပြီမို့ အရိပ်ကို သိပ် မသဲကွဲလိုက်။ ကိုခင်မောင်ဝင်းအား လှမ်းမြင်လိုက်ဟန်ရှိပေမယ့် ရုတ်ခြည်းကွယ်ပျောက်သွားသည်။

အိမ်ပြန်ရောက်တော့ ထိုအကြောင်းကို အစ်မဖြစ်သူ အေးအေးအား အသိပေးဖြစ်သည်။ သို့ရာတွင်

ယင်းကိစ္စကို သိပ်ပြီး အလေးအနက် မထားဖြစ်ဘဲ ကိုခင်မောင်ဝင်းတစ်ယောက် တကယ်ပဲ လူ့ဘဝမှ မရှိတော့ဘဲ ဝိညာဉ်ဘဝ ကူးပြောင်းသွားခဲ့ လေပြီလား။ ထိုသို့လည်း လုံးဝမဖြစ်နိုင်ပေ။ ညီအစ်မနှစ်ယောက် မှာ မေ့မေ့ပျောက်ပျောက်ပင် နေလိုက်ကြသည်။

ဤသို့ဖြင့် နောက်တစ်နေ့တွင် ထိမ်းမြားခြင်းကိစ္စ စတင် ကျင်းပဖို့စီစဉ်ကြသည်။ တကယ်တော့ ထိမ်းမြား မင်္ဂလာ မစတင်မီ အေးအေးဖို့ မင်္ဂလာသတို့သားနှင့် တွဲသွားတွဲလာ ပြုလုပ်ရပေမည်။ သို့တိုင် ကိုခင်မောင်ဝင်းက တော့ ပေါ်မလာခဲ့ပြီ။

အေးအေးသည် ခြံထဲက စိုက်ခင်းကိုဆင်းရသည့် လှေကား ရှိရာ အထပ်မှ လသာဆောင်တွင် ညီမအေယ် လင်နှင့် အတူထိုင် ဖြစ်ခဲ့သည်။ အေယ်လင်နှင့် စကားစ မြည်ပြောဖို့ ကြံရွယ်သော်လည်း စိတ်လှုပ်ရှားမှုများက စကားပြောလို စိတ်မရှိအောင် ငြီးငွေ့စိတ် ဖြစ်လာသည်။

'ကဲ စုစုညီမ မမဒီမှာ တစ်ယောက်တည်း

အေးအေးဆေးဆေး နေချင်လို့ ညီမသွားတော့နော်'

စုစုသည် အစ်မအေးအေးအား တစ်ယောက်ထီး တည်း ချန်ခဲ့ကာ အောက်ထပ်ဆီသို့ ပြန်ဆင်းလာခဲ့လေ သည်။ ပြီးနောက် မကြာမီ ရောက်လာပေတော့မည့် ညွှန့်သည်တွေကို ထိုင်စောင့်၏။

နာရီဝက်သာကြာသွားသည်။ အေးအေးသည် အောက်သို့ ဆင်းလာခြင်းမရှိပြီ။ အယ်လင်စိတ်ထဲမှာ တစ်ခုခုကို အလိုမကျ သလို ဖြစ်လာ၍ အစ်မအေးအေး ရှိရာ အပေါ်ထပ်ဆီသို့ ပြန်တက် ခဲ့သည်။

အေးအေးကို မတွေ့ရ။ အိပ်ခန်းထဲ ရောက်နေမည် ထင် လျက် သွားကြည့်တော့ အထဲက ့သခု ချထားသည် ကိုသာတွေ့ လိုက်ရသည်။

'အစ်မအေးအေး အစ်မအေးအေး'

လှုပ်လှုပ်ပုတ်ပုတ်ခေါ်၏။ သို့သော် အခန်းတွင်း ထဲမှ မည်သည့် အသံမျှမကြားရ။ ကျယ်ကျယ်ခေါ်ကြည့် သည်။ ပြန် မထူး။

စုစုပူပန်ထိတ်လန့်သွားသည်။

သို့ဖြင့် အောက်ထင်သို့ ပြေးဆင်းမိသည်။ မိခင်ကြီးကို သွားအသိပေးမိသည်။

အိမ်တစ်အိမ်လုံးတွင် အေးအေးပျောက် ရှာပုံတော်ဖွင့်ကြ သည်။ ပိုက်စိတ်တိုက်ရှာကြသည်။ သို့သော် အေးအေး၏ အရိပ် ယောင်မျှပင် မတွေ့ရဘဲရှိသည်။

ခြံထဲဆင်းရှာ၏။ နှင်းဆီခင်းကြီးက ပကတိငြိမ်ချက်သာ ကောင်းလှ၏။ မအေးအေး၏ အရိပ်အယောင်စိုးစဉ်းမျှ မတွေ့ရပါ။

ထိုနေ့က အစပြု၍ နောက်ရက် နောက်ရက်တွေပါ ရှာဖွေမှု ကိစ္စတွေကို ပိုတိုးမြှင့်၍ ပြုလုပ်ခဲ့ကြသည်။

နောက်ဆုံး ရဲတွေကို အိမ်ဝင်းအတွင်း ရှင်းလင်းကြသည့်အခါ အကူညီတောင်းရသည့် အခြေအနေသို့ ဆိုက်ရောက် သွားသည်။ မြို့လုံး ပတ်လည်အနှံ့ ထောက်လှမ်းကြ၊ စုံစမ်းကြနှင့် ရှာစဉ်ခုနစ်မျှင်တန်း ခြေရာကောက်၍ သဲလွန်စရယူတာမျိုးတွေပါ လုပ်ဖြစ်

ကြသည်။

အေးအေးကား မြေလျှိုး၍ မိုးပျံသွားလေပြီလား။

ထူးထူးဆန်းဆန်းပင် ပျောက်ချင်းမလှ ပျောက်နေသည်။

သို့ဖြင့် လများမှသည် နှစ်များပင် တိုင်ခဲ့သည်။

ထိုအချိန်တောအတွင်း အေးအေး၏မိခင် မှဆိုးမကြီးသည် လည်း သေဆုံးသွားသည်။ မေရီနှင့်မညားဖြစ်လိုက်ရသည့် သတိုး သား ခမျာလည်း ရောဂါတစ်ခုကြောင့် ကွယ်လွန်သွားကြောင်း သတင်းကြားလိုက်ရပြန်သည်။

ထိုအိမ်ကြီးတွင် ကျန်ခဲ့သူများမှာ စုစုနှင့် အိမ်ဖော်အဖိုးကြီးတို့ပင် ဖြစ်သည်။

ဆောင်းကာလတစ်ခုတွင် လေပြင်းမုန်တိုင်းတစ်ခုပြင်း ထန်စွာ တိုက်ခတ်သည်။ အဘယ်မျှ ပြင်းထန်သည်ဆိုသော် မြေပြင်မှ သစ်ပင်ကြီးများပင် ပြိုလဲစေခဲ့သည်။ လေနှင့်အတူ ရေတံခွန်ဆီက တဟဲဟဲ ကျရောက်နေသောရေတို့ပင် စုစုတို့ အိမ်ဘက်သို့ လွင့်ဝဲလာကြသည်။

လေမုန်တိုင်းကျရောက်ပြီး နောက်တစ်နေ့ နံနက်တွင် သန့်ရှင်းရေး အလုပ်သမားများ သစ်ပင်အကျိုးအပဲတွေ ရှင်း လင်းရန် ရောက်လာကြသည်။ ကျွန်းပင်ကြီးများနှင့် ကျောက် တုံးများ ပိလျက်ရှိနေသည့် လက်တစ်ဖက်၏ အရိုးခြောက်တွေကို သွားဖော်မိလိုက်ကြသည်။ ထူးဆန်းသည်က လက်သူကြွယ်ရိုး ချောင်းတွင် လက်ထက်လက်စွပ်ကလေး စွပ်ထားလျက်ပင်။ နောက်တစ်ချောင်းဝယ် ကျောက်နီလက်စွပ်ကွင်းတစ်ကွင်း သွား တွေ့ခဲ့ရခြင်းပင်ဖြစ်သည်။

ထပ်မံ၍ ရှေးဆက်ရှာဖွေမှု ပြုလုပ်ခဲ့ရာ ကိုယ်ခန္ဓာတစ် ခု၏ အရိုးအိမ်ကိုပါတွေ့ခဲ့ရပြန်သည်။ ခြောက်ကပ်နေသည့်အရိုး ချောင်းတွေတွင် အကြွင်းကျန် အဝတ်စလေးများ တွယ်ကပ် နေ၏။ ကျောက်နီလက်စွပ်နှင့် စေ့စပ်လက်စွပ်တို့ကို မေရီထိမ်း မြားစဉ် နေ့ရက်တုန်းက ဝတ်ဆင်ခဲ့သေးကြောင်း စုစုက ဝန်ခံပြောဆိုခဲ့၏။

အရိုးတွေကို ချာချ်ကျောင်းထဲက သချိုင်းမြေတွင်

ပင် သကြိုဟ်ခြင်းပြုကြသည်။ အစ်မ၏ ရိုးအိပ်အစုအဝေးကို မြင် လိုက်မိသော စုစုမှာလည်း ရုတ်တရက် စိတ်အကြီး ကျယ် ထိခိုက်မိသွားရာက နှစ်ပတ်၊ သုံးပတ်ကြာအထိ သေအံ့မူးမူးဘဝ နှင့် အိပ်ရာပေါ်မှာ လဲခဲ့ရတော့သည်။

စုစုက သူ့အစ်မ၏ လက်စွပ်ကို ဖန်ဘူးတစ်ခုထဲ ထည့်သိမ်းထားပြီးမှ အိမ်ဖော်အဘိုးအိုကြီးအား သေသေ ချာချာ အပ်နှံသည်။ တစ်လခန့်အကြာတွင် သူ့အစ်မအေး အေး၏ စိတ်ဖြင့် စုစုပါ ဆုံးသွားသည်။

အိမ်ဖော် အဘိုးအိုက အေးအေး၏လက်စွပ်ကို ထူးဆန်း သော ပစ္စည်းအဖြစ် ပြတိုက်တစ်ခုသို့ ပေးအပ် ခဲ့လေသည်။

တစ်ညနေတွင် ဖြစ်သည်။

ကုတ်အင်္ကျီကြီးကို ဖားဖားလျားလျား ဝတ်ဆင် ထားပြီး ကက်ဦးထုပ်ကို မျက်နှာအုပ်ဆိုက်ဆောင်းထား သော လူစိမ်းတစ် ယောက် အရှက်ဆိုင်ထဲ ဝင်ရောက်လာ သည်။

အရက်ဆိုင်ရှင်က အရက်ငှဲ့နေရင်းကပင် သူ့ဖောက်သည် တစ်ယောက်အား –

'ဒီညကတော့ဗျာ ဟိုတစ်ခါ ဝက်သစ်ချပင်တွေတောင် လဲကျအောင် တိုက်ခတ်တဲ့ မုန်တိုင်းဆန်တဲ့ဆောင်းညလိုပါပဲဗျာ'

'ဟုတ်ပါရဲ့ အဲဒီညတုန်းက တိုက်လိုက်တဲ့လေများမြေ ကြီးတွေ၊ ကျောက်တုံးကြီးတွေအောက် မြှုပ်ဝှက်ထားတဲ့ ကြောက် စရာ အရိုးတွေတောင် အပေါ် ကြွတက်စေတဲ့အထိ ပြင်းထန်လွန်း ပါရဲ့ဗျာ'

ထိုအခါ လူစိမ်းက အံ့ဩဟန်နှင့်

'ဘယ်လို အရိုးတွေ မို့လို့လဲဗျ' ဟု အခန်းထောင့်က နေ၍ လှမ်းမေးသည်။

'ပြောရင်တော့ ဇာတ်လမ်းအရှည်ကြီးပဲဗျ၊ အခုထိလက်သည် တရားခံမပေါ်သေးလို့ လက်စွပ်နဲ့ လက်ရိုးတွေကို တောင် အခုထိ ပြတိုက်မှာ ပြထားဆဲရှိသေးတယ်။'

အရက်ဆိုင် ပိုင်ရှင်၏ စကားကို ထိုလူစိမ်း

စိတ်ဝင်စားပုံ ရသည်။ ထိုလူစိမ်းသည် ရုတ်တရက်ဆိုသလို နောက်ကိုလန့်၍ နံရံမှာ ကျောကပ်မိသွားရ၏။

ခဏအကြာမှာပဲ လှုပ်ရှားနေသော စိတ်တွေကို ပြန်ထိန်း နိုင်သွား၏။ သူ့ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်သည့်ဟန်ဖြင့် ခန္ဓာကိုယ်ကို မတ်မတ်ရပ်လိုက်သည်။ နောက်ပြီး သူ့ရင်တွင်းမှ စကားတို့ ပွင့်အံလာ၏။

သူသည် အေးအေးအားယူရမည်ကို ရှောင်တိမ်းခဲ့သော သတိုးသား ကိုခင်မောင်ဝင်းပင် ဖြစ်ကြောင်း။ သူသည် လူသတ် တရားခံပင် ဖြစ်ကြောင်းနှင့် တရားရုံးသို့ ပို့ပေးဖို့ အားလုံးထံ တောင်းခံခဲ့လေသည်။ သူထိုသို့ ပြုရခြင်းမှာ –

အေးအေးသည် တစ်ယောက်သော သူနှင့် ဖောက်ပြန်နေသည်ဟု သံသယဝင်ခဲ့ရာကအစ ထင်မှားပြီး လက်ထပ်ထိမ်းမြားမည့် ကိစ္စကိုရှောင်တိမ်းခဲ့ကြောင်း။

ပြီးနောက် မင်္ဂလာဆွေမြတ်ရက်တွင် တစ်ယောက်တည်း တိတ်တဆိတ် မြို့ထဲဝင်ခဲ့သည်။ ထိုနောက်

လှေကားမှတက်ခဲ့ပြီး မေရီအား တစ်ယောက်ချင်းတွေ့၍ အပြတ်ရှင်းမိပြီး ရေတံခွန် ဘက်သို့ သယ်ယူမိကြောင်းဖွင့် ဆိုသည်။

သို့နှင့် ရေတံခွန်နားအရောက် အေးအေးသေခြင်း မဟုတ် မေ့မြောနေခြင်းသာဖြစ်လျက် ပြန်သတိရလာပြီး မိမိနှင့် ရုန်းကန် တိုက်ခိုက်ခဲ့ကြောင်း။သို့နှင့်ချောက်ကမ်း ပါးထဲသို့တွန်းချမိလိုက်ကြောင်း။

နောက်မှ ပြန်သတိရပြီးမေရီ၏ အလောင်းကောင် ကို ဘယ်သူမှ မမြင်အောင် ကျောက်ဆောင်တွေနှင့် သစ်ပင်မြေကြီး တွေ အောက်ထဲမြှုပ်၍ ဖျောက်ဖျက်ခဲ့ရ ကြောင်း။

ထို့နောက် မိမိသည် ထိုနေရာမှ အပြီးအပိုင် လစ်ပြေးခဲ့ ကြောင်းတွေကို ဝန်ခံချက် ပေးပါတော့သည်။

မည်သို့ဆိုစေ ကိုခင်မောင်ဝင်း ဤအရပ်သို့ တစ်စုံ တစ်ယောက်က လာရောက်စေအောင် ဆောင်ကြဉ်းနေ သည့် ပုံစံမျိုးနှင့် လာချင်စိတ်များ ခံစားရသည့်အတွက်

လာခဲ့ဖိခြင်းက ပင် ပရလောက၏ ထူးခြားသောအကြောင်း ကြောင့်ဆိုက မှား အံ့မထင်။

ယခုတော့မူ မေရီကို သတ်မိသော အပြစ်ကိုပင် ဝန်ခံ ခဲ့ရပြီ။ ဂျွန်ဘော်ဒနေးကို တရားရုံးစီရင်ချက် မချခင်မှာပင် တစ်စုံတစ်ရာသော ဝိညာဉ်က အချုပ်ခန်းထဲ တွင်ပင် သေနေ့စေ့ စေခဲ့ပြီတကား။

။ ။ ။

ဟိန်းတောက်ထွန်းစာပေ

## မြေမွှသရဲမငြိုး

ဟိုးရှေးရှေးတုန်းက မြို့တစ်မြို့မှ သူငယ်ချင်းလေးယောက်ရှိကြသတဲ့၊ ထိုးသူချင်းလေးယောက်ဟာ ထူးဆန်းရှာဖွေရေးသတင်းနှင့် ပတ်သက်သောလုပ်ငန်းကို လုပ်ကိုင်ကြတယ်။

ထိုသူငယ်ချင်းလေးယောက်အမည်မှတော့ မောင်ညို၊ မောက်ပု၊ မောင်လတ် နှင့် မောင်စိုး တို့ဖြစ်ပါတယ်။ ၎င်းတို့ ထိုလေးယောက်တို့သည် ဘယ်အရာပင်လုပ်လုပ်တိုင်းပင်ပြီး တညီတညွတ်ထဲ ဦးဆောင်ပြီး လုပ်ကျတာပေါ့ကွယ်။

တစ်နေ့သော သူငယ်ချင်းလေးယောက်ဟာ တောနက်ကြီးတစ်ခုကိုသွားရန် တိုင်ပင်ကြသတဲ့။ အကြောင်းအရင်းကတော့လည်းကောင်း တောနက်ကြီးသို့ မည်သူမည်ဝါမျှသွားလာခြင်းမရှိ တောခေါင်ခေါင်နက်ရှိုင်းသော နေရာတစ်နေရာဖြစ်တဲ့အပြင် ထိုတောထဲကို သွားသောသူအများစုဟာ ပြန်လာချင်း မရှိပေ။ ဘာဖြစ်သွား

ကြသတဲ့ ဆိုးတာအခုထိထိမသိသောကြောင့် ဒီကိစ္စကို ထိုလေး ယောက်က သိရှိလိုသဖြင့် ထိုးတောထဲကို သွားပြီးလေ့လာရန် ဆုံးဖြတ်လိုက်ကြတယ်။ ထိုးလေးယောက်ထဲမှ မောင်ညို ဆိုတဲ့သူမှ ဘုရားကိုးယုံကြည်ကိုယ်ကွယ်သော သူတစ်ယောက်ဖြစ်တယ်။

မောင်ညိုဆိုတဲ့သူမှာ ဘုရားတရားယုံကြည်သော—— သူတစ်ယောက်ဖြစ်တော့ သူကတော့ အဲဒီတောထဲကို မသွားစေ ချင်ဘူး။ ပြီးတော့ သူငယ်ချင်တွေးကိုလည်ပြောတယ်၊ သူငယ်ချင်း တို့ရေး လူတွေမှာလည်း အတားအဆီးတစ်ခုရှိသလို ထိုတောထဲ မှာလည်း ဒီတောကိုစောက်ရှောက်တဲ့ တောစောက်တွေရှိလိမ့်မယ်။ သူတို့ဘဝေမကျတာ ဘာတွေရှိလိုလဲမှမသိတာ အဲဒီအတွက် ငါ ကတော့ အဲဒီတောထဲကိုတော့ မသွားစေချင်းဘူးကွ။

ဘာဖြစ်လို့လဲဆိုတော့ ဒီအရင်က လူတွေတောင်သွားလာ ခြင်းမရှိ၊ သွားပြန်တော့လည်ပြန်လာတယ်ဆိုပြီ ဘာအစအနတောင် မတွေရဘူး။ ဒီလိုအခြေအနေမှာ ငါတို့သာဆက်သွားမယ်ဆိုရင် ငါ တို့တွေပါ ပြန်လာဖို့ဆိုတာ သောချာပေါက်ပြောလို့မရနိုင် ဘဝတောင် ကုန်ဆုံးသွားနိုင်တယ်၊ ငါဒီလိုပြောရတာ ငါတို့ကိုယုံပြီးနေတဲ့ မိသား စုတွေလည်ရှိတယ်။ တို့ပြန်လာမှာကို သူတို့တွေ စောင့်မျှော်နေမှာ၊ အဲဒီတွက် စဉ်စားပြီးလုပ်ကြပေါ့ကွာ။

❦ ဟိန်းတောက်ထွန်းစာပေ ❦

ထိုသူတွေထဲက မောင်ပုကမင်းကဘာလဲ ကြောက်တာလား ဒါမှမဟုတ် ငါတို့စီးစဥ်တာကို မင်းကမကြိုက်တာလား။ မင်းမကြိုက်ရင် မလိုက်နဲ့ပေါ့ ငါတို့သုံးယောက်ထဲ့သွားလိုက်မယ် မင်းနေခဲ့ပေါ့။

မောင်ညိုက အဲဒီလိုမဟုတ်ပါဘူးကွ ငါတို့လေးယောက်လုံးက ဟိုးတုန်းကနေစပြီးအခုထိ အတူးတူလုပ်ကိုင်လာတာပဲ။ ငါမင်းတို့နဲ့ မလိုက်ချင်းလို့ ဒီစကားပြောတာမဟုတ်ပါဘူး။ မဖြစ်သင့်တာတွေ ဖြစ်သွားမှာဆိုလို့ပြောနေတာပါ။ မင်းတို့တွေသွားမယ်ဆိုလည်း ငါလည်လိုက်ပါမယ်ကွာလို့ မောင်ညိုကပြောလိုက်လေသည်။

ထိုအခါ သူငယ်ချင်းအားလုံးသည် နေ့တစ်နေ့ကို ခရီးသွားရန်သတ်မှတ်ပြီး မိဘတွေနှင့်မိသားစုတွေကိုတော့ တောနက်ကြီးမှာသွားပြီလေ့လာမည်ဟု မပြောဘဲ ခရီးသွားရမယ် ရက်သတ္တပတ်အနည်းငယ်ကြာမယ်ဆိုပြီးသာပြောလိုက်လေ့သည်။

နောက်သတ္တပတ်ရောက်သောအခါ သူငယ်ချင်းလေးယောက်ဟာ အဲဒီတောနက်ကြီးရှိရာသို့ ခရီးထွက်သွားကြတော့သည်။ ထိုတောသို့ရောက်သောအခါ သူငယ်ချင်းလေးယောက်လုံးဟာ ငါတို့ ဒီတောကိုကြည့်ရတာ တစ်ခုခုတော့မညီးညွှင်တာတွေ၊ ဘာရေမကျတာရှိမဲ့ပုံပေါ်တယ် တို့လေးယောက်လုံး တစ်စုတစ်စီးထဲသွားလာရမယ် ဘာအသံပဲကြားကြား ဘယ်သူပဲခေါ်ခေါ် ဒီလေးယောက်ထဲ

ထဲက ဘယ်သူမှ မသိဘဲဘာမှမလုပ်ရဘူး ဘယ်မှမသွားရဘူးဟု မောင်ညိုက သတိပေးလိုက်လေသည်။

တောထဲသို့ဝင်သွားသောအခါ စိမ်းလန်းစိုပြည်မှုပေါင်းစုံနှင့်ပြည့်စုံသလို ခံစားရပြီး ငှက်တွေရဲ့အော်မြည်းသံတွေလည်း အဆက်မပြတ်ကြားရောင်လျှက်ရှိနေသည်။ ဆက်လက်၍ခရီးဆက်သွားနေရင် မကြာမီမှာပင် ပုတ်ခောင်အနံ့ လှသေးအနံ့တဖြည်းဖြည်း နံလာသဖြင့် မောင်ညိုတို့ သူငယ်ချင်းလေးယောက်မှာ တဖြည်းဖြည်း သတိထား၍ တောထဲသို့လျှောက်လှမ်းလာချိန်မှာ ဖြတ်ခနဲ အရိပ်အမဲကြီးတစ်ခု ဖြတ်သွားတာကိုမြင်လိုက်ရသဖြင့် မောင်ညိုတို့ သူငယ်ချင်းလေးယောက်မှာ ကိုယ်တွေလက်တွေ ဂျက်သိမ့်တဖြည်းဖြည်းထကာ ကြောက်စိတ်ဝင်းလာပြီး

"ဟိတ်ယောက်တွေ" ဘာကြီးလဲမသိဘူး။ ငါတို့ရှေ့ကနေဖြတ်သွားတာ မင်တို့တွေလိုက်ရလားလို မေးလိုက်သောအခါ မောင်ညိုက တစ်ယောက်ကိုတစ်ယောက် ဖြေသိမ့်ရင်နဲ့ ဘာမှမဟုတ်ပါဘူးကွာ၊ တောခြောက်ဆိုတော လူသူမရှိလိုဖြတ်ခနဲ့ စိတ်တွေ-ခြောက်ခြားသွားဒါပါကွာ။ လာဆက်သွားကြရအောင်ခိုပြီး ရှေ့ဆက်ကြသတဲ့ကွယ်။

မကြာခင်မှာ နေကွယ်သွားပြီး ညဉ့်နက်ပိုင်းထဲကိုဝင်းလာ

တော့ မောင်ညိုတို့လေးယောက်စလုံး အနားယူရန် နေရာတစ်နေရာရှာပြီး ပါလာသော အစားအစာများကို ဝိုင်းဖွဲ့စားသောက်ကြသည်။ စားသောက်ပြီးစီးသွားတာနဲ့စကားစမိုးပြောဆိုပြီး သူငယ်ချင်းလေးယောက်ဟာ ငါတို့အဖွဲ့မှ တစ်ယောက်က မအိပ်ပဲနဲ့ကင်းစောက်မယ် ကျန်တဲ့သုံးယောက်ဟာ တရေးတမောခေတ္တအိပ်မယ်၊ နောက်ပြီး- နောက်တစ်အလှည့်ဆိုပြီး ကိုယ်စီကိုယ်စီးအလှည့်ခွဲကြသည်။

ပထမဆုံးကတော့ မောင်ညိုကငါစောက်ပေးမယ်ဆိုပြီး ကျန်တဲ့သူငယ်သုံးယောက်ကိုတော့ တရေးတမောခေတ္တအနားယူအိပ်စက်နေကြသတဲ့၊ မောင်ညိုဟာ သူငယ်ချင်းသုံးယောက်အနားယူနေသော နေရာနှင့် မလှမ်းမဝေးမှာ မီးပုံလေးမွှေးကာ ကင်းစောက်နေတော့သည်။

အဲဒီအချိန်မှာ ငြိမ်းညောင်းသာယာသော အသံတစ်ခုကြားရလို့ မောင်ညိုကသတိထားပြီး အရှေ့အနားပတ်ပတ်လည်သို့သွားကြည့်တော့ ဘာမှမတွေ့ရသဖြင့် ပြန်လာ၍ သူငယ်ချင်းသုံးယောက်အိပ်စက်သော အနားခပ်ဝေဝေကနေ နေပြီး ကင်းစောက်လျှက်ရှိသည်။

မကြာမီမှာပင် ရုပ်ရေချောမောလှပသော မိန်းမလှလေးတစ်ယောက် ခပ်ဝေးဝေးကနေဖြတ်သွားတာကို မြင်တွေ့လိုက်ရသဖြင့်

မောင်ညို့မှာ စဉ်းစားရတော့ စဉ်းစားရပေ၊ ဘာဖြစ်လို့လဲဆိုတော့ ဒီလိုကောနက်ထဲမှာ ယောက်ျားလေးတစ်ယောက်ထဲလာဖို့တောင် စဉ်းစားနေချိန်မှ မိန်းကလေးတစ်ယောက် ချောမောလှပပြီး နတ်သမီး တစ်ပါးကဲ့သို့ ခန္ဓာကိုယ်ပတ်ပတ်လည်ဝင်းလက်တောက်ပလျက် ရှိတာကို မြင်လိုက်ရတော့ ဒါသာမန်အမျိုးသမီးတစ်ယောက်တော့ မဖြစ်နိုင်ဘူး သတိထားအုံးမှဆိုပြီး ဘုရားစာများရွတ်ဖတ်ရင် ကင်း စောက်လျှက်ရှိနေသည်။

မောင်ညိုဟာ သူငယ်ချင်းသုံးယောက်ထက်စာရင် စဉ်းစား တွေတော၊ အသိအမြင်စိတ်ဓာတ်ပိုင်းဆိုင်ရာမှာ မလောဘဲသတိထား ပြီးအလုပ်တစ်ခုကို လုပ်တဲ့အပြင် ဘာသာတရားကို အလူးယုံကြည် ကိုးကွယ်သူတစ်ယောက်လည်းဖြစ်သတဲ့။ သူလုပ်ရကိစ္စကိုပဲ ခေါင်း ထဲထည့်ထားပြီး သူ့ သူငယ်ချင်းသုံးယောက်စလုံးကို စောက်ရှောက် ရင်နဲ့ ကင်းစောက်လျှက်ရှိချိန်မှာ သူ၏အရှေ့၌ ""ဝှန်း"" ခနဲ့ ဒီမိန်း မချောလေးဟာ ရောက်ရှိလာသတဲ့။

မောင်ညိုက ဒီမိန်းမပျိုလေးကိုတွေ့တော့ ငါထင်တာတော့ ကျိန်းသေသွားပြီး သူကလူတော့မဟုတ်ဘူးဆိုပြီး စိတ်မှာထင်မှတ် လျှက်ရှိချိန်မှာ ဒီမိန်းမလှလေးက မောင်ညိုကိုကြည့်ပြီး အသင်တို့ ဒီကို ဘာလာ-လုပ်တာလဲ ဘာကိစ္စရှိလို့ ကျွန်မပြောတာကို သေချာ

နားထောင် မနက်မိုးလင်တာနဲ့ ပြန်ကြတော့ မပြန်ရင်အသင်တို့အာ သက်ဆုံးရှုံးရလိမ့်မည်ဟု သတိပေးပြောဆိုလိုက်သောအခါ မောင် ညိုက ကျွန်တော်တို့ ဒီကိုယ်လာရတဲ့အကြောင်းအရင်ကတော့ ဘယ် သူ့ကိုမှ ဒုက္ခပေးဖို့လာတာတော့မဟုတ်ပါဘူး။ ကျွန်တော်တို့ကြားတာ တွေကို ဘာဖြစ်ကြောင်းသိခြင်လို့လာတာပါ။ ဒီတောထဲမှာရှိတဲ့ သစ် ပင်၊ ပန်းပင်၊ ငှက်နှင့်ဘယ်တိရစ္ဆာန်ကိုမှ ဒုက္ခပေးဖို့တော့မဟုတ်ပါ ဘူး ဟုပြောနေတဲ့ အချိန်မှာ မောင်ညို၏သူငယ်ချင်း မောင်ပုက– "ဟိတ်ယောက်" သူငယ်ချင်း မင်းဘယ်သူနဲ့စကားပြောနေတာလဲ ဟု လှမ်းမေးလိုက်သည့်အခါ ထိုရုပ်ရေချောမောလှပသော မိန်းမလှ လေးမှာ ပျောက်ကွယ်သွားလေတော့သည်။

ထိုအချိန်မှာ မောင်ညိုက သူငယ်ချင်းတွေဆီ ဘယ်လိုပြော" ရမှန်မသိသဖြင့် ဘာမှမဟုတ်ဘူးလို့ပြောလိုက်ပြီး မင်းတို့အိပ်ရေဝ အောင်သာ အိပ်ပါငါပဲဆောက်ပေးပါမယ်လို့ ပြောလိုက်လေသည်။ မနက်မိုးလင်းသောအခါ သူငယ်ချင်းသုံးယောက်စလုံးကို မောင်ညို က ညကတွေ့ခဲ့တဲ့အကြောင်းကို သူငယ်ချင်းသုံးယောက်ကို ပြော ပြနေချိန်မှာ သူငယ်ချင်းဖြစ်သူ မောင်လတ်က မင်းကစောက်ကျင့် မကောင်းတဲ့ကောင် ဒီလောက်ချောမောတဲ့ မိန်းကလေးတစ်ယောက် ဆိုတာ ဒီတောထဲမှ မရှိဘူးဆိုရင် နတ်သမီးလေးတွေဖြစ်မှာပေါ့ကွာ။

အဲ့ဒီအချိန်မှာ ငါတို့ကိုဖို့လိုက်မယ်မဟုတ် ငါတို့လည်းကြည့်မှာပေါ့ ဒီလိုမျိုးဆိုတာရခဲ့တယ်ကွ၊ မင်းမှတ်လိုပေါ့ကွာ မင်းလည်းမခံစားတက် ငါတို့ကိုလည်းတားပစ် ဒါကြောင့်မင်းကို ငါတို့အဖွဲ့မှာ မပါစေခြင်းတာကွ။

အဲ့ဒီအချိန်မှာ သူငယ်ချင်းနောက်တစ်ယောက် မောင်စိုးက မင်းအဲ့ဒီလိုမောင်ညိုကိုမပြောပါနဲ့ကွာ၊ သူပြောတာကို ခေါင်းထဲထည့်မစဉ်းစားလို့မရဘူးကွ။ နတ်သမီးဆိုရင်ဘာဖြစ်လို့ငါတို့ကိုမိုးလင်းတာနဲ့ပြန်နိုင်မလဲ့ မပြန်ရင်မင်းတို့အသက်ဆုံးရှုံးရလိမ့်မယ်လို့ ဘာဖြစ်လို့ပြောရမလဲ စဉ်းစားကြည့်လေကွာ။ ပြီးတော့ ငါတို့လာတဲ့နေရာက ရာဇဝင်နဲ့ကွ။

ဒီတောထဲကို လာတဲ့သူတွေဟာ ဘာဖြစ်မှန်ဆိုတာကိုမသိကြဘူး။ ဒီကိစ္စနှင့်ဒီအမျိုးသမီးနဲ့တော့ တစ်ခုခုတော့ အကြောင်းရှိရမယ်လို ငါတော့ထင်တယ်။ စကားကိုလွယ်လင့်တကူဘာရမ်းဘာရာမပြောနဲ့ သေချာစဉ်းစားပြီးမှပြော၊ မင်းပဲဖြစ်ဖြစ် ငါပဲဖြစ်ဖြစ် ဒီထဲမှတစ်ယောက်ယောက်လက် လွှတ်စပယ်ပြောပြီး အဲ့ဒါကိုနားထောင်းလိုက်ရင်မှန်ရကင်တော့ကောင်းတာပေါ့ မှားသွားရင်ငါတို့လေးယောက် အသက်ပါသွားလိမ့်မည်ဟုမောင်စိုးကပြောဆိုလိုက်တယ်။

ထိုအခါ မောင်ပုက "ဟားကွာ" မင်းတို့တွေကလည်း ဒီ

ကျောင်းကသိန်းမလှလေးတစ်ယောက် ချောချောမောမောကိုတွေ့တယ် လို့ပြောတယ် ဟိုကောင်က ငါတို့ကိုတာဖြစ်လို့မပြလဲ၊ မင်းလည်းလာ ပြီး တရားလာချနေတယ် နေစမ်းပါကွာမင်းလာတရားချနေရအောင် မင်းမြင်လို့လား၊ ဒီကောင်ပြောတာပဲမင်းသိတာမဟုတ်လား။ ငါပြော မယ်သေချာနားထောင် ဒီကောင်မောင်ညိုက အစကတည်းကငါတို့နဲ့ လိုက်ချင်းတာမဟုတ်ဘူး၊ အခုလဲဘယ်လိုပြန်ရမလဲ ဘာပြောရင် ဒီကောင်တွေနားရည်ဝမလဲဆိုပြီး ပြောနေတာကို မင်းတို့တွေက ယုံတဲ့ကောင်းတွေကယုံနေတယ်။

ငါတော့ ငါမတွေ့မခြင်းမယုံဘူးကွာ၊ လာကြငါတို့ဘာဆက် လုပ်ရမလဲ အဲဒါကိုငါတို့ဆက်လုပ်မယ်ဆိုပြီး မောင်ညို၏စကားကို ပယ်ချလိုက်လေသည်။ ထိုအချိန်မှာ မောင်ညိုက ဘာပြောပြော ဒီ ကောင်တွေဘာမှ နားဝင်မှာမဟုတ်ဘူး ဖြစ်မှသိလိမ့်မယ်၊ ကဲ ဘာ ပဲဖြစ်ဖြစ်ကွာ မင်းတို့ရှေ့ကသာသွားပါ မင်းတို့သွားတဲ့နေရာကို လိုက် ခဲ့မယ်လို့ပြောလိုက်သည်။ တောလမ်းကိုဖြတ်ကျော်သွားနေရင် ပုတ် သော်အနံ့ပြန်ရလာပြန်သည်။ ရှေ့ဆက်သွားနေရင် အနံ့အသက်ဟာပို ပြင်းထန်းလာ၏။ မကြာမီ အချိန်မှာပင် မောင်ညိုတို့၏သွားရာလမ်း ဘေးဘက်သစ်ပင်အောက်ခြေ၌ လူသေအလောင်းနှစ်လောင်းဟာ ပုပ် သိုးနံ့လောင်နေတာကိုတွေ့လိုက်ရသည်၊ ထယ်ခါထယ်ခါ ရှေ့လျှောက်

သွားသောအခါ အရိုးချောက်ခေါင်တွေ ဆက်တိုက်တွေ့လိုက်ရသော မောင်ညိုက ဒါကတော့ ငါ့အထင် ငါ့ကိုသတိပေးသွားတဲ့ ဟိုမိန်းမချောလေး အလုပ်ပဲဖြစ်ရမယ်။ သူကတော့ မိန်းမတစ်ယောက်တော့မဖြစ်နိုင်ဘူးကွာ။

အဲဒီလိုနဲ့ညဉ့်နက်ချိန်းပြန်လည်ရောက်ရှိလာချိန်မှာ မောင်ညိုက မင်းတို့ပဲအိပ်ကြကွ ငါပဲဒီနေ့လည်စောင့်ပေးမယ်လို့ပြောလေသည်။ ထိုအခါ မောင်ညို၏သူငယ်ချင်းဖြစ်သူ မောင်ပုက မနေ့ကလိုတော့ မင်းမလုပ်နေနဲ့နော်၊ တကယ်လို အဲဒီအမျိုးသမီးမင်ကိုလာစကားပြောရင် ငါတို့သုံးယောက်စလုံးကို နိုးကွာ၊ ငါတို့လည်းမြင်လိုက်မှ ယုံမှာဟုပြောလိုက်လေသည်။

ထိုအခါ မောင်ညိုကလည်းအေးပါကွာ တကယ်လို့ ငါနဲ့စကားလာပြောရင် မင်းတို့ကိုငါလာနိုးမယ်လို ပြောလိုက်လေသည်။ သူငယ်ချင်းသုံးယောက်စလုံးလည်းနေ့လည်မှာ ပင်ပန်းနေသဖြင့် ခေါင်းချတာနဲ့အိပ်ပျော်သွားကြတော့သည်။

မောင်ညိုကသာ သူ့သူငယ်ချင်းတွေ ဒီကနေအိမ်ပြန်သွားတဲ့အခါ အသက်အန္တရာယ်မရှိပဲ လေးယောက်စလုံး ချောချောမွေ့မွေ့ရောက်သွားပါစေလို ဘုရားသခင်ဆီ ဆုတောင်းရင်နဲ့ ကင်းစောင့်နေသတဲ့။

❦ ဟိန်းတောက်တွန်စာပေ ❦

မကြာမီအချိန်မှာ မနေ့ကလို သာယာငြိမ်ညောင်းသောအသံလေးကြားရပြီး မကြာခင်လေမှာပင် ထိုးအမျိုးသမီးလေးသည် မောင်ညိုရှဲ ရှေ့တည်တည်သို့ရောက်ချလာပြန်သည်။

မောင်ညိုကိုကြည့်ပြီး အသင်းတို့ ကျွန်မပြောတာကို နားမထောင်ဘဲ ရှင်တို့ခရီးဆက်နေကြတယ်။ ဒါရှင်တို့အတွက်ကောင်းတာမဟုတ် ရှင်ဒို့ကို ဒီလိုလာပြောနေတာ ဒါနောက်ဆုံးပဲ။ နောက်ဆိုရင်ဒီလိုလာပြောနေမှာမဟုတ်ဘူးဟု ပြောလိုက်သောအခါ မောင်ညိုက

"ခင်ဗျာ ဘာ့တွက်ပြောလဲဆိုတာ ကျွန်တော်မသိဘူး။ နားမလည်းဘူး။ ဒါပေမဲ့ တစ်ခုတော့ကျွန်ုပ်ဟော်စဉ်စားမိတာက ဒီတောထဲမှာကျွန်တော်တို့လို ယောကျ်ားလေးတွေးလာတာတောင် သတိထားနေရတယ်အတိုင်းအတာမှာ မင်းကမိန်းလေးတစ်ဖြစ်တဲ့အပြင် ဒီလိုချောမောလှပတဲ့ မင်းဒီးတောထဲမှာသွားလာနေတာရော ဒီတောထဲမှာဖြစ်ပျက်နေတာကိုကြည့်မယ်ဆိုရင် အသင်းကသာမန်မိန်းကလေးတစ်ယောက်တော့မဖြစ်နိုင်ဘူး။

ဒါတွေအပြင် အသင်းကျွန်တော်တို့ကို ဒီမှာမနေစေခြင်း

တာကိုကြည့်မယ်ဆိုရင် လက်ရှိတောထဲမှာတွေ့တာတွေ လူသေအလောင်းတွေ၊ အရိုးချောက်ခေါင်းတွေ ဒါတွေဟာ ခင်ဗျာလက်ချက်ပဲဖြစ်ရမယ်။ ခင်ဗျာဘယ်သူလဲ ဘာကိစ္စနဲ့ဒီလိုလုပ်နေရတာလဲ ဘာအလိုရှိလို့လဲလို့ မေးသောအခါ ထိုအမျိုးသမီးက မောင်ညိုကို ကြည့်ပြီး ရှင်ကတော်တော်လေးကို စဉ်းစားဉာဏ်ခြင်းတက်တဲ့သူတစ်ယောက်ပဲ။ ကျန်တဲ့ယောကျာ်းလေးဆိုရင် ဒီအချိန်လောက်ဆိုရင် ကျွန်မအလှပကို ကြည့်ပြီးဘဝပြီးသွားတဲ့သူတွေကြီးပဲ ရှင်ကိုကျွန်မ ဒီလောက်စွမ်းဆောင်မှုရှိတောင် ရှင်သတိဝရိယနှင့်ရှိတယ်အတွက် ရှင်က လူကောင်းတစ်ယောက်ပဲဖြစ်မယ်ဆိုပြီး ထိုးအမျိုးသမီးကပြော လိုက်လေသောအခါ

မောင်ညို အသင်ဘာကိစ္စနဲ့ ဒီလိုလုပ်ရတာလဲ အပြစ်မရှိတဲ့သူတွေ အသက်ကိုဘာကြောင့်သတ်ရတာလဲ၊ ဒီလိုလုပ်ချင်းအားဖြစ် သေဆုံးသွားတဲ့သူတွေရဲ့ မိသားစုတွေဘယ်လောက်စိတ်ဆင်းရဲရမလဲဆိုသိလား ကိုယ့်လင်းယောကျာ်း ပြန်မလာတော့ ဘာဖြစ်လို့ဖြစ်မှန်မသိ၊ သေသွားပြီးလား ဘာအစအနမှမရပဲ ဒီနေ့ရောက်လာလိမ့်မယ်၊ နက်ဖြန်ရောက်လာလိမ့်မယ်ဆိုပြီး မျှော်လင့်နေရင် ဘဝကုန်းဆုံးသွားသောမိသားစုတွေလည်းရှိကြတယ်။

✿ ဟိန်းတောက်တွန်းစာပေ ✿

ခင်ဗျာဘယ်သူလဲ ဘာကိစ္စနဲ့ဒီလိုလုပ်ရတာလဲ ဘာအလိုရှိလို့လဲ အပြစ်မရှိတဲ့လူတွေရဲ့ အသက်ကိုသတ်တာ ဘယ်ဘဝပဲရောက်ရောက်ကောင်းသောအရပ်မှ နေလို့ရမှာမဟုတ်ဘူး။ သံသရာဝဋ်ကြွေးက ကိုယ်ကိုမပြည့်စုံတဲ့ ဘဝတစ်ခုကိုပဲ တည်ဆောက်ပေးနေအုံးမှာပဲ။ အသင်းရဲ့ပြဿနာကဘာလဲ ကျွန်တော်ဘာကူညီးပေးရမလဲ။

ရှင်ကိုကျွန်မကြည့်ရတာ ရှင်ကကျွန်မတွေခဲ့တဲ့ထဲမှ တကယ်တူးတဲ့လူပါ။ လူတစ်ယောက်ကိုကြည့်ပြီး သူ့ပြောပုံ ဆိုပုံတွေကိုအကဲခက်ပြီး ဒီလူဟာ ဘယ်လိုလူဖြစ်နိုင်မလဲဆိုတာကို အကဲခက်နိုင်တာပဲ။ ဘာပဲဖြစ်ဖြစ်လေ ရှင်ကို ကျွန်မနားလည်ပေးပါတယ်၊ ရှင်လိုစဉ်းစားတက်တဲ့ယောကျာ်းတစ်ယောက်ကို ဂုဏ်ယူပါတယ်။

ဒါပေမဲ့ ရှင်ပြောတာတွေဟာ နောက်ကျသွားပါပြီ။ ကျွန်မစိတ်ကို ပြောင်းနိုင်မယ်မထင်ပါဘူးလို့ ထိုးမိန်းမလှလေးက မောင်ညိုကို ကြည့်ရင်ပြောလိုက်လေသည်။ ထိုအချိန်မှာတော့ မောင်ညိုက ဘယ်အရာပဲဖြစ်ဖြစ် အစလို့ရှိရင် အဆုံးလို့ ရှိရမှာဘဲ၊ ဒါကအမှန်တရား နိယာမ၊ ဒါပဲသဘာဝပဲလို့ပြန်ပြောလိုက်သောအခါ ထိုမိန်းမလှလေးမှာ မောင်ညိုကိုကြည့်ရင်းငိုကြွေးနေမိတော့သည်။

ရှင်ကူညီနိုင်မယ်ဆိုရင်လည်း ကျွန်မပြောပြပါမယ်။ ထိုအချိန်မှာ မောင်ညိုက ခင်ဗျာပြောမယ်ဆိုရင် ဒီစကားတွေကို ကျွန်တော်သူငယ်ချင်းတွေဆီလည်ပြောပြရင် သိပ်ကောင်းမယ်၊ ကျွန်တော်သူတို့ကို သွားနှိုးလိုက်အုံးမယ်လို့ပြောလိုက်သည့်အခါ ထိုမိန်းမလှလေးက သူတို့တွေကိုမနှိုးနဲ့ သူတို့တွေက အယုံအကြည်ကင်းမဲ့သူတွေ ကျွန်မကိုတွေ့ဖို့ မထိုက်ဘူး။ ရှင်ကသာ ကျွန်မကိုတွေ့ဖို့သာထိုက်တန်တဲ့သူပါ။ ဒါကြောင့်ရှင်ကို ကျွန်မကိုယ်ရေးကိုယ်တာအကြောင်းကို ပြောပြဖို့ဆုံးဖြတ်ခဲ့တာပါ။

ကျွန်တော်တို့ သူငယ်ချင်းသုံးလေးယောက်ဟာ တကယ်ကိုချစ်ခင်ပြီး တစ်ယောက်ပြောရင် တစ်ယောက်နားထောင်းတဲ့သူတွေ၊ ဥမကွဲသိုက်မပျက်နေကြတာ။ အခုတလောမှာ ဒီတောထဲကိုလာမယ်ဆိုတော့မှ တစ်ယောက်ပြောတာကို တစ်ယောက်ကနားမထောင် တိုင်ပင်လို့မရဖြစ်နေတယ်၊ ဘာဖြစ်တာလဲဆိုမသိတာဗျာ။

အဲဒီအခါ ထိုမိန်းမလှလေးက ဒီအကြောင်းကို ကျွန်မပြောပြမယ်။ ဒီတောထဲကို လာမယ်ဆိုပြီးပြောဆိုတဲ့သူတိုင်း အဲဒီလိုတစ်ယောက်စကား တစ်ယောက်နားမထောင်ဘဲ စကားများလေ့ရှိတာ

မျိုးဖြစ်လာတတ်တယ်။ ဒါကဘာဖြစ်လို့လဲဆိုရင် ဒီတောက တချိန်းတုန်းက စိမ်းလန်းစိုးပြေမှုအပေါင်းနှင့်ပြည့်စုံပြီး ကြက်၊ ငှက်တွေးရဲ့ တွန်းကျူးသံတွေ တချို့တိရစ္ဆာန်တွေရဲ့ ပျော်ရွှင်စွာနေထိုင်တဲ့ အသံတွေနှင့်ပြေနက်လျှက်ရှိတဲ့အချိန်းမှာ ဧတာတွင်းသားဖမ်းတဲ့ မသမာဂေါင်တွေးရဲ့လုပ်ရပ်ကြောင့် နှစ်ပေါင်းများစွာ စည်းလုံးညီညွတ်စွာနေထိုင်ခဲ့သော ဒီတောကြီးမှာ သွေးစီးခဲ့ရပြီး ဒီတောကြီးနှင့်ပတ်သတ်လာရင် ဂလဲ့စားချေးရန် စိတ်ဆန္ဒပြင်းပြမှုဟာ လူတို့တွေကို သေစေရခြင်းဖြစ်တယ်။

ကျွန်မအကြောင်းပြောရရင် ကျွန်မဟာလူတော့မဟုတ်ပါဘူး။ လူ့ပယောင်ဖန်ဆင်နိုင်တဲ့ ဒီတောရဲ့မြွေဘုရင်မကြီးပါ။ ဒီတောထဲမှာ အသက်ဆုံးရှုံးသွားတာထဲမှာ ကျွန်မလည်းပါသလို ကျွန်မအမျိုးသားလည်းပါပါတယ်။ ကျွန်မနှင့်ကျွန်မ အမျိုးသားတို့ဟာ မြွေဘုရင်မျိုးနွယ်တွေပါ။ လူလိုလဲနေလို့ရသလို မြွေအသွင်းလည်းပြောင်းလို့ရနိုင်ပါတယ်။

"ဟိုး နှစ်ပေါင်းရာစုလောက်" ကဒီတောထဲပျော်ရွှင်စွာနေထိုင်ကျက်စားလျက်ရှိသော တိရစ္ဆာန်အပေါင်းတို့ အမဲလိုက် လူသတ်သမားတွေရဲ့ လက်ချက်ကြောင့် တိရစ္ဆာန်အကုန်လုံးသေဆုံးသွား

ရတယ်။ ဒါအဖြစ်ပျက်ကိုမြင်သော ကျွန်မယောက်က ဝင်ပြောတာကို ကျွန်မယောကျာ်းကိုလည်းသတ်ပစ်လိုက်ကြတယ်။ ကျွန်မဒါကိုတွေ့လိုက်လို့ လန့်ပြီးအော်လိုက်တော့ ကျွန်မကိုလည်းလိုက်ပြီးသတ်ပစ်လိုက်ကြတယ်။ လူတွေကိုအထင်ကြီးလို့ လူလိုနေပါတယ်ဆိုမှ လူတွေဘယ်လောက် မက်ရိုင်းလဲ၊ အကျင့်နာစိတ်မရှိ ဘုရားရှိ၊ တရားမရှိတဲ့ အဲဒီလူတွေကြောင့် ကျွန်မနဲ့ ကျွန်မတို့ယောကျာ်းတို့သေခဲ့ရတယ်။

အဲဒီဖြစ်ရပ်ကိုဘယ်တော့မှ ကျွန်မမေ့နိုင်မယ်မထင်ဘူး။ ဒါကြောင့်ဒီတောထဲကို ဝင်လာဖို့အနေ ဒီစကားကိုပြောတဲ့သူတိုင်းကို ကျွန်မပဲ ပြီးသတ်တာ။ ဒီမှဖြစ်ပျက်နေတယ်ကိစ္စနှင့်လက်ရှိဖြစ်နေတဲ့ အချိန်အထိကျွန်မပဲလုပ်နေတာ။ ပြီးတော့ဒီတောကြီးရဲ့ စိမ်းလန်းစိုးပြေမှုကို ဖျက်ဆီးပြစ်ခဲ့တဲ့ သူတွေကိုလည်းတစ်ယောက်မှမကျန်တော့ဘူး။

နောက်နောင်ဆိုးရင်လည်း ဒီတောထဲကို လူသူတွေနဲ့ပတ်သက်လာရင် တစ်ယောက်မှအဝင်မခံဘူး။ ထိုမိန်းမလှလေးဖြစ်သောမြွေဘုရင်မမှာ သူ့ဘဝမှ ဖြစ်ပျက်ခဲ့သောကိစ္စများကို ပြောပြနေရင်းဒေါသတွေထွက်ကာ "ဟာ——ရှုတ်ပါတယ်ဗျာ ရှင်သူငယ်ချင်းတွေ

ကိုပြောပြပြီးရင့်ယှံချင်းရင်ယှံ၊ မယှံချင်းရင်နေ ကျွန်မအလုပ်မဟုတ်ဘူး။ မနက်မိုးလင်းတာနဲ့ တစ်ယောက်မှမတွေ့ချင်းဘူး အားလုံးပြန်တော့ မဟုတ်ရင်နောက်နေ့ဘာဖြစ်မလဲဆိုတာပဲကြည့်ဘာပေါ့၊ ကျွန်မပြောခြင်းတာဒါပဲ။ ရှင်လည်းသတိထား သူတို့ပြန်ပြန်မပြန်ပြန် ရှင်ပြန်ဖို့လုပ် မဟုတ်ရင်ရှင်ကိုပါ ချန်မှာမဟုတ်ဘူးဟု ပြောဆိုပြီး ထိုနေရာကနေ ထွက်သွားလေတော့သည်။

မောင်ညိုက ချက်ချင်းဆိုသလို သူငယ်ချင်းတို့ရေ ငကြီးတော့ ငါတို့တွေအခြေနေတော့ မကောင်းတော့ဘူး။ မြန်မြန်ပြန်မှပိုကောင်းမယ်၊ မဟုတ်ရင်မဖြစ်သင့်တာတွေဖြစ်ကုန်တော့မှာဆိုလို့ မောင်ညိုက ပြောဆိုပြီးသတိပေးသော်လည်း သူငယ်ချင်းတွေကနားမထောင်ဘဲ ဒီကောင်လာပြန်ပြီ။ အဲဒီအတွက်ကြောင့် ဒီကောင်ကိုကင်းမစောက်နိုင်ပါနဲ့ငါစောက်မယ်လို့ပြောတာ၊ အခုတော့ ငါတို့ထင်တဲ့အတိုင်း ဒီကောင်ပြန်ပြောပြန်ပြီကွာ။ အဲဒီအတွက် ဒီကောင်နဲ့ငါတို့အဆင်ပြေမှာ မဟုတ်ဘူး အဲဒီအတွက်ကြောင့် ဒီကောင်းကိုပြန်နိုင်လိုက်တော့။

မောင်ညိုက သူငယ်ချင်းတို့ရာ ငါပြောတာအမှန်ကြီးပါပဲကွာ ခင်တို့တစ်ခုခုဖြစ်မှာဆိုလို့ငါပြောတာပါကွာ၊ ငါစကားကိုနား

ထောင်းပေးပါ့ပြောသောအခါ သူငယ်ချင်းဖြစ်သူ မောင်စိုးကတော့ မောင်ညိုပြောတာကို နားထောင်ရင်ကောင်မယ်လို့ငါထင်တယ်။ သူငယ်ချင်းရာ မင်းပြောသောစကားကို နားလည်ပါတယ်၊ ယုံလည်ယုံပါတယ်။ ဒါပေမဲ့ ဒီအတိုင်းလွှတ်ထားမယ်ဆိုရင် မောင်ပုနှင့်မောင်လတ်တို့ရဲ့ ဖွတ်ဘာရုပ်လုပ်နေခြင်းဟာ သူတို့ကိုလွှတ်ထားမယ်ဆိုရင် နှစ်ယောက်လုံးကို ဆုံးရှုံးရာရောက်လိမ့်မယ်။

တစ်ခုခုတော့လုပ်မှရမည်ဟု မောင်ညိုကိုပြောဆိုလိုက်လေသည်။ မောင်ညိုကတော့ ငါတို့လာတဲ့ကိစ္စကတော့ ငါအပြည့်အစုံရသွားပြီး သိသင့်တာလည်သိသွားပြီ၊ အဲဒီအတွက် ငါတို့ပြန်တာအကောင်းဆုံးပဲ မပြန်ရင်နေတာ့ ကျိမ်းသေတယ် ငါတို့ထဲက တစ်ယောက်ယောက်ကို ဆုံးရှုံးရလိမ့်မယ်။ အဲဒီလိုမဖြစ်အောင်လည် သူတို့ကိုတားဖို့ဆိုတာလည်း မဖြစ်နိုင်ဘူး၊ နောက်သူပြောသွားတဲ့စကားမှာ လူတွေကိုဘယ်တော့မှ မယုံတော့ဘူးတဲ့ ဆိုပြီးပြောသွားတယ်။ ဒါအပြင်ငါတို့ကိုလည် ပြန်နိုင်တယ် မဟုတ်ရင်နောက်ဆုံးမှာ နင့်အလုညိုဖြစ်လိမ့်မယ်လို့ ကျိမ်းမောင်းသွားတယ်။ သူပြောတာကိုကြည့်မယ်ဆိုရင် ပထမဆုံးစရင်မှာငါတော့မပါဘူးကွ၊ မင်းတို့သုံးယောက်ထဲက တစ်ယောက်ယောက်ဖြစ်လိမ့်မယ်။ ဘာလို့ငါအဲဒီ

လိုပြောလဲဆိုတော့ သူပြောတဲ့စကားမှာ ငါကို သူတို့ပြန်တာ မပြန်တာရှင်လုပ်မဘူး ရှင်သာအရင်ပြန် မပြန်ရင်တော့ နောက်ဆုံးရှင်အလှည့်ပဲဖြစ်မယ်လို့ အဲဒီလိုငါကိုပြောသွားတယ်ကွ။

ထိုသို့ပြောသောအခါ မောင်ပုနှင့်မောင်လတ်တို့က ဒါဆိုဒီညကိုမောင်ပုက ငါကင်းစောင့်မယ်၊ အဲဒီအချိန်မှာ ပြောစရာရှိရင်ငါကိုလာပြောပစေ၊ မဟုတ်ရင် ငါမယုံဘူး။ ငါလုပ်စရာရှိတာကို မသိမချင် ဆက်လုပ်မှာလို့ပြောဆိုပြီး လေးယောက်လုံး ထိုတောထဲမှာပင် ခရီးဆက်ကြပြန်သည်။

အဲဒီလိုနဲ့ ညဉ်းနက်သည်အချိန်ထဲသို့ ရောက်ရှိသွားလေတော့သည်။ သူငယ်ချင်းလေးယောက်တို့သည် ညစာကိုစားသောက်ကြပြီးသည့်အခါ မောင်ပုက ငါကင်းစောင့်တော့မယ် မင်းတို့တွေအိပ်စရာရှိ အိပ်ဆိုပြီး မောင်ညိုတို့သူငယ်ချင်းသုံးယောက်ကို အနားယူခိုင်းလိုက်တော့သည်။ မောင်ညိုကလည်း သူ့ သူငယ်ချင်းမောင်ပုကို သတိနဲ့နေသော အသံတစ်ခုခုကြားတယ်ဆိုပြီး သွားမနေနဲ့လိုတာရှိရင် ငါတို့ကိုသာလှမ်းနိုးလိုက်လို့ပြောဆိုပြီး မကြာမီမှာပင်သူငယ်သုံးယောက်လုံး အိပ်ပျော်သွားလေတော့သည်။

မောင်ပုဟာ မီးပုံလေးမွှေကာ ကင်းစောင့်လျှက်ရှိချိန်တွင်

သာယာငြိမ်ညောင်းသော အသံလေးကြားရပြီး မကြာမီမှာပင် မိန်းမ ချောလေးဟာ မောင်ပုနှင့်မလှမ်းမဝေး အနားကနေဖြတ်သွားတာကို မောင်ပုမြင်သွားသောအခါ တော်တော်ချောသောမိန်းမလှလေးပါပဲ လားလို့ပြောဆိုပြီး အဲဒီအမျိုးသမီးသွားရာ အနောက်ကို မြန်မြန်လိုက် သွားပါလေတော့သည်။

အင်မတန်း ချောမောလှပသော မိန်မပျိုလေးပါလား။

"ဟဲ"

နမတော် ခေတ္တာစောင့်ပါအုံး။

မင်းဘယ်သူလဲ ဒီလောက်ချောမောလှပသော မိန်ကလေး တစ်ယောက်ထဲ ဒီတောထဲမှာဘာလာလုပ်နေတာလဲလို့မေးသောအ ခါ ထိုမိန်မလှလေးက ကျွန်မကာနတ်သမီးလေးတစ်ပါးပါဟုပြောလေ သည်။

ထိုအခါမောင်ပုက ဒီတောထဲမှာ ဖြစ်ပျက်တဲ့အကြောင်း တွေကိုကြားရတာ မကောင်းဘူး။ အဲဒီအတွက်မေးကြည့်တာပါနော်၊ နမတော်တို့ ဒီတောထဲမှာဘာလာလုပ်တာလဲ၊ ပြောပြလို့ရမလား လို့မေးတော့၊ နမတော်တို့က ဟိုနားကရေကန်မှာရေလာချိုးတာပါ။ ဒါနဲ့နှင်တို့ကော ဒီမှာဘာလာလုပ်နေတာလဲ၊ ဒီတောအကြောင်းကို

လာလေ့နေတာပါ။ ဒီတောထဲမှာ လာရောက်လေ့လာတဲ့သူတွေး မှန်သမျှဘာဖြစ်လို့ဖြစ်မှန် မသိအစအနမရှိ အဲဒီအတွက်ကြောင့် ကျွန်တော်တို့ သူငယ်ချင်းလေးယောက်စလုံး ဒီတောရဲ့ အကြောင်းလေးသိချင်လို့ လာရောက်စုံစမ်းနေတာပါခင်ဗျာ။ ဒါနဲ့ ကျွန်တော် သူငယ်ချင်းမောင်ညိုကိုတွေ့ပြီးစကားပြောခဲ့တာ နမတော်ပဲမဟုတ်လား။

သူ ဘာတွေပြောလဲ၊ သူကတော့ အသင်ကသာမန်လူမဟုတ်ဘူး၊ မြွေသရဲမတဲ့ အသင်တို့အားလုံး အမဲလိုက်သမားတွေရဲ့ မသမာတဲ့လုပ်ရပ်ကြောင့်သေဆုံးသွားရတယ်။ ဒါကြောင့်ဒီတောထဲကိုလာရောက်တဲ့သူတွေကို တစ်ယောက်မှမကျန်ပြီးပြီးသတ်ပစ်တယ်လို့ပြောတယ်။

နောက် ဒီတောရဲ့ အကြောင်းအရာအလုံးစုံကိုလည် သူသိသွားပြီးတဲ့ ဘာကြောင့်ဖြစ်ရတဲ့ အကြောင်းအရင်ကိုလည်သူရှာတွေသွားပြီးဟုပြောဆိုးတယ်။ ပြီးတော့ အသင်းက ကျွန်တော်တို့ လေးယောက်ကိုလည်း ဒီကနေထွက်သွားမထွက်သွားရင် သတ်ပစ်မယ်ဟုပြောတယ်ဆိုပြီး မောင်ညိုက ကျွန်တော်တို့ကိုပြောပြတယ်။

ထိုအချိန်မှာ မိန်းမလှလေး မြွေသရဲမကြီးက နမတော်က

အဲဒီလိုပြောတာမဟုတ်ပါဘူး။ အသင်တို့အားလုံးနဲ့တွေ့ပြီး စကားပြောခြင်းတယ်ဆိုတာကို ကျွန်မကိုတွေ့ခွင့်မပေးဘူး။ သူ့ကိုကျော်ပြီး ဘာမှမလုပ်ရဘူးတဲ့ဆိုပြီး ကျွန်မကိုတားပစ်တယ်၊ ငါသူငယ်ချင်းတွေကငါပြောသောတဲ့စကားကိုသာနားထောင်တာ အဲ့ဒီတော့မင်းဘယ်လိုမှ တွေ့လို့မရဘူးဆိုပြီး နမ်တော်ကိုမောင်းထုတ်လိုက်တယ်။

ပွင့်ပွင့်လင်းလင်းပြောရရင် အသင်းတို့လေးယောက်ထဲကရှင့်ကိုနမ်တော်တို့ မြင်ခြင်နေတာ အခုမှပဲစကားလက်ဆုံနွဲ့ရတဲ့အတွက် စိတ်အေးရတယ်။

ကျွန်တော်သူငယ်ချင်းပြောတာကို ခေါင်ထဲထည့်မနေပါနဲ့ဗျား ဒီကောင်ကတဖြည်းဖြည်းနဲ့ စိတ်ဓာတ်မကောင်းဘူး။ ဘယ်အရာပဲလုပ်လုပ် မလုပ်မှီ မကိုင်နဲ့ပဲပြောတာ။ သူတစ်ပါးကောင်စားမှာကို မနားလိုဘူး။ အခုတော့ ဒီကောင်အကြောင်းကိုကောင်းကောင်းသိသွားပြီးဟု တစ်ဦးနှင့်တစ်ဦးစကားပြောဆိုရင် ထိုးမိန်မလှလေးကမောင်ပုကို မြှူသရဲမကြီးက ဒီကောင်ကို ဘယ်ပဲသွားသွား ဘယ်ပဲခေါ်ခေါ် လိုက်မဲ့ပုံပေါ်တယ်။

ဒီတော့ ဒီမှာကြာကြာနေတာ မကောင်းဘူး။ တော်ကြာလေ သူငယ်ချင်းတွေ နိုးလာရင် ငါ့အကြံအစည်တွေ ပျက်သွားမယ်ဆို

❦ တိန်းဆောက်ချွန်စာပေ ❦

ပြီးတွေးရင် အသင် နမတော်ရေကန်မှာရေသွားချိုးမလို့ အသင်းလိုက်မလား ပြီးရင်နမတော်တို့နှစ်ယောက်အတူ ဒီတော ကို ပတ်ကြည့်ရတာပေါ့လို့ပြောသောအခါ မောင်ပုမှာ ဝမ်းသာအား ရနဲ့ ကောင်းတာပေါ့ဗျာ။

"ကဲ"လာသွားကြရတာပေါ့ဆိုပြီး ထိုမြွေသရဲမက သူငယ် ချင်းသုံးယောက်နှင့်ဝေးသောနေရာ ရေကန်နားကို ခေါ်သွားလေတော့ သည်။

မောင်ညိုသည် အိပ်စက်နေရာမှ နိုးထလာပြီး မောင်ပုကို ဘေးပတ်ပတ်လည်မှာလိုက်ရှာသော် ဘယ်မှမတွေ့သဖြင့် သူငယ် ချင်းနှစ်ယောက်စလုံးကို နိုးကာ မောင်ပုကို ဒီနားတဝိုက်လိုက်ရှာတာ လုံးဝမတွေ့ဘူးကွာလို့ပြောသောအခါ သူငယ်ချင်းနှစ်ယောက်စလုံး မှာ လန့်သွားကြပြီး သူငယ်ချင်းမောင်ညိုရေး ဘယ်လိုလုပ်ကြမလဲ ဘာဆက်လုပ်ရင်းကောင်းမလဲ ဆိုပြီးစဉ်းစားနေရာမှ မောင်လတ်ဖြစ်သူ က မင်းပြောတဲ့ပုံစံတိုင်းဆိုရင် မောင်ပုကို ဟိုမြွေသရဲမသတ်လိုက် ပြီးထင်တယ်။

ဒါဆိုရင် မစဉ်းစားနဲ့တော့ ငါတို့ိုးမလင်းခင် ဒီတောကနေ ထွက်သွားရင်ကောင်းမယ်၊ မဟုတ်ရင် ငါတို့ပါသေရလိမ့်မယ်ဆိုး

မကောင်းတာလဲ မလုပ်ခဲ့ပါ၊ မဖြစ်သင့်တာတွေမဖြစ်အောင် မိမိတို့၏အသက်ကို စတေး၍ အများပြည်သူများ စိတ်ချမ်းသာ ကိုယ်ချမ်းမာဖြစ်သွားလာနိုင်ရန်အတွက် ဤလုပ်ငန်းကိုလုပ်ကိုင်ရခြင်းဖြစ်ပါသည်။

အဲဒီအတွက်ကြောင့် ကျွန်ုပ်တို့သူငယ်ချင်း မောင်ပုတာဖြစ်သွားဆိုတာ သိရှိလိုပါသဖြင့် ကျွန်ုပ်၏သစ္စာစကားမှန်ကန်ပါက ကျွန်ုပ်၏ရှေ့မောက်သို့ ရောက်ရှိလာပေးပါဟု မိန်းမလှလေး(ခေါ်) မြွေသရဲမကြီးကို တိုင်တည်လိုက်သောအခါ ထိုမြွေသရဲမသည် မောင်ညို ရဲ့ရှေ့တဲ့တည့်သို့ ရောက်လာပြီး အသင်ဘာကိစ္စနှင့်ကျွန်မကိုခေါ်ရတာလဲဟုမေးသောအခါ ကျွန်တော်၏ သူငယ်ချင်းမောင်ပု မနေ့ညက ကင်းစောင့်နေရင် မနက်မိုးလင်းခင်အချိန်လေးမှာ မတွေ့မြင်ရသဖြင့် ကျွန်တော်မျိုးရှိ အရှင်မိန်းမလှလေးကို ကျွန်တော်သိခြင်းတာလေး သိရင်ပြောပပေးဖို့ အကူအညီတောင်ခံရခြင်းဖြစ်ပါတယ်။

ရှင်သူငယ်ချင်း မောင်ပုတာဖြစ်လဲဆိုတာ သိချင်လို့မဟုတ်လား။ ဟုတ်ပါတယ်ခင်ဗျာ လို့မောင်ညိုကပြန်ဖြေလိုက်လေတော့သည်။

မောင်ညို၏ ပြောဆိုသောစကားကို နားထောင်ကြည့်နေသေ

သူငယ်ချင်းနှစ်ယောက်က မောင်ညိုဒါကဘယ်သူလဲ ဘာကိစ္စနှင့် ဒီမိန်းမဟာ မင်းခေါ်တာနဲ့ပေါ်လာရတာလဲသို့ တိုးတိုးလေးမေးလိုက်သောအခါ မောင်ညိုက ငါတွေ့တဲ့ ငါနဲ့စကားပြောခဲ့တဲ့ မိန်းမလှလေး(ခေါ်)မြွေသရဲမဆိုတာ သူပဲကွ။

သူ့ကြောင့်ပဲ မောင်ပုသေသွားရတာပဲဖြစ်ရမယ်ဆိုပြီးပြောလိုက်သောအခါ မောင်ညိုရဲ့သူငယ်ချင်းနှစ်ယောက်လုံးလန့်သွားလေပြီး အသင်မိန်းမလှလေးခင်ဗျာ ကျွန်တော်တို့သူငယ်ချင်း မနေညထဲက ကင်းစောင့်နေရင်နဲ့မတွေ့တော့လို့ပါ။ သူဘယ်မှာရှိလဲသိရင် ကျွန်တော်တို့ကို ကူညီပေးပါ။ မှားတာရှိလဲ့ခွင့်လွှတ်ပေးတော်မူပါလို့ အညွှတ်ညွှတ်တောင်းပန်းအပ်ပါတယ်။

ထိုးအချိန်မှာ မြွေသရဲမကအစတဲက ကျွန်မပြောသားပဲ ရှင်သူငယ်ချင်း မောင်ညိုဆီကို ကျွန်မဘယ်သူ ဘာဖြစ်လို့ဒီလိုလုပ်ရတာလဲဆိုတာကို ရှင်းပြပြီးပြီပဲ။ ကျွန်မဘယ်သူကိုမှ အဲဒီလောက်သတိလာမပေးဘူး။ ရှင်တို့ရဲသူငယ်ချင်း မောင်ညိုဟာ ဘယ်ဟာဘာဖြစ်လဲဆိုတာကို ဝေဖန်ပိုင်းခြားနိုင်တယ်၊ စိတ်ဓာတ်ပိုင်းဆိုင်ရာအရမ်းကိုမှန်မြတ်တယ်။ စကားပြောဆိုရာတွင်လည် သူတပါးကိုထိနိုက်ပြီးပြောရမှာကို အရမ်းရှောင်ကြဉ်တယ်၊ ဘာဖြစ်လို့ ကျွန်မသူ

ကိုအဲဒီလိုပြောလဲဆိုတော့ ကျွန်မဒီပုံစံနဲ့တွေ့တဲ့ယောကျ်ားမှန်သမျှ မှုမမှန်ကြဘူး။ ချောချောလှလှလေး မိန်းကလေးတစ်ယောက်ကို တွေ့သွားတာနဲ့သူတို့ပြုမှုတဲ့ အမှုအရာတွေက မစဉ်းစားကိုလုပ်ချင်းတဲ့ အရာတစ်ခုဟာ လွယ်ကူစွာ ပြီးမျောက်သွားစေတယ်။

အဲဒီလိုပဲ မောင်ပုလည်းကျွန်မပြောတာကို အလုံးစုံနားတယ်။ ကိုယ်သူငယ်ချင်းကိုတောင်မယုံတော့ဘူး။ ဒါတွေဟာ ကျွန်မလို့ဂလဲ့စားချေခြင်းတဲ့သူတွေ့အတွက် လွယ်ကူသွားတာပေါ့။ အဲဒါဆိုရင် ကျွန်ုပ်သူငယ်ချင်း မောင်ပုကို ခင်ဗျာသက်လိုက်ပြီးပေါ့။ ဟုတ်တယ် ရှင်သူငယ်ချင်းသေသွားပြီ၊ ကျွန်မပဲသတ်လိုက်တာလို့ မြွေသရဲမကပြောလိုက်လေသည်။

ကျွန်မက လူတွေ့ဒီတောထဲဝင်လာတာရင် တစ်ယောက်မှ ချန်းထားတာမဟုတ်ဘူး။ အခုလိုလဲပြောမနေဘူး။ အခုလိုပြောနေတယ်ဆိုတာက ရှင်တို့သိပ်ကံကောင်းတယ်မှတ်။ ရှင်တို့လည်း ဒါနောက်ဆုံးအခွင့်ရေးပဲ ပြန်ရင်ပြန်၊ မပြန်ရင် ကျွန်မပြောသလို တစ်ယောက်ချင်းဆီရဲ့ ဘဝဟာ ကျွန်မအသက်ထဲမှာပဲပြီးသွားလိမ့်မယ် ဟု မြွေသရဲမဟာပြောဆိုလိုက်လေးတော့သည်။

ထိုအခါ မောင်ညိုက အသင်းအဲဒီကိစ္စပြီးပြောင်းစေချင်း ဘာ

ဘာရလိုလဲ၊ လက်ရှိအသင်ဘာဝင့်ကြွေးတွေရှိလဲမသိဘူး ဒီလိုဘဝကိုခံစားနေရတယ်။ အသင်းအဲဒီလိုသာလုပ်နေမယ်ဆိုရင် ဘဝအဆက်ဆက် သံသရာဝင့်ကြွေးတင်ပြီး ရောက်လေရာ ဘဝအဆက်ဆက်မှာ မပြေစုံတဲ့ သူတစ်ယောက်လိုပဲ ဖြစ်လိမ့်မယ်။

အခုတော့ မင်းကဒီလူတွေကို သတ်တယ်ထားပါတော့။ ဒီလူတွေကရော မင်းလိုမျိုးလိုက်လုပ်နေမယ်ဆိုရင် ဘာတွေဖြစ်သွားမလဲသိလား။ ဒါနဲ့ပဲ သံသရာဝတ်ကြွေးကလည်း လည်ရင်ဘယ်ဘဝရောက်ရောက် မပြည့်စုံတဲ့ မခံစားနိုင်တဲ့ ဘဝတစ်ခုနှင့်ဒုက္ခပေါင်းများစွာနှင့် ဘဝကိုဖြတ်သန်းရလိမ့်မယ်။

မြွေသရဲမကြီး ခင်ဗျာ ကျွန်တော်တစ်ခုပြောပြဗျာစေ။ အသင့်ကြောင့် လူတော်တော်များများလည်သေသွားပြီးပြီ၊ နောက်နောင်အဲဒီလိုမဖြစ်အောင် အသင်းရဲ့စိတ်ကို ပြောင်းလိုက်ပါတော့။

အခုဆိုရင် အသင်ကြောင့်မောင်ပုလည်သွေးသွားရပြီ။ သူ့ကိုယုံပြီး ထမင်းစားနေတဲ့ သူ့မိဘနဲ့ သားမယားတွေရဲ့ဘဝဟာ ဘယ်လိုဖြစ်သွားမလဲ။ ဒီလိုလုပ်ချင်းအားဖြင့် ဒီအားကုသိုလ်တွေအားလုံးအသင့်ဆီလာပြီး ဘဝပေါင်းများ ဘယ်ဘဝရောက်ရောက် အသင့်အနောက်လိုက်နေမှာပဲ။

❦ ဟိန်းတောက်ထွန်းစာပေ ❦

ဒါအပြင် အသင်၏အမျိုးသားလည်း အသင်နှင့်နောင်ဘဝ
ပေါင်းစည်းဖို့စောက်မျှော်နေမှာပဲ။ သင်သာဒီဝိုင်းဆက်သွားနေ-
ယ်ဆိုရင် အသင်တို့နှစ်ယောက်ပေါင်းသင်းဖို့ဆိုတာလုံးဝဖြစ်နိုင်တော့
မဟုတ်ဘူး။

ဒါကြောင့် ကျွန်တော်ပြောတာလေးနားထောင်ပေးပါ။ အ
င်ကောင်းရာမွန်ရာရောက်အောင် ကျွန်တော်မျိုးနှင့်သူငယ်ချင်းအား
အသင်း၏နာမည်ဖြင့် ကုသိုလ်ကောင်းမှုပြုလုပ်ပြီး ရေစက်ချ
မျှဝေပေးပါမည်။ ကျွန်တော်မျိုး၏စကားကို နားထောင်ပေးတော်
ဟုပြောဆိုသော်အခါမှ မြွေသရဲမဟာ ဖေါ်သတွေ၊ မောဟတွေ
လျှော့ချပြီး မောင်ညို၏စကားကို နားထောင်လိုက်တော့သည်။

မောင်ညိုလည်း ကျွန်တော်မျိုးစကားကို နားထောင်ပေးသော
သရဲမကို ကျွန်တော်တို့ မြို့ရောက်ရင် အသင်ကိုကောင်းရာ
က်အောင် ပို့ဆောင်ပေးတော်မူပါမည်ဟု ကတိပေးရင် သူငယ်
သုံးယောက်ဖြစ်ကြသော မောင်ညို၊ မောင်စိုး မောင်လတ်တို့
သရဲမကို လက်လေပြ နှုတ်ဆက်ရင် ပီပီအိမ်သို့ပြန်ကြတော့
ည်။